www.burmeseclassic.com

# ဒပိဒရ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| အဖုံးဒီဇိုင်း | - မျိုးဆွေသန်း |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၆၀၀ ကျပ် |

မိုးဆက်လင်းထက်
အမိအရ / မိုးဆက်လင်းထက် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၆၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) အမိအရ


www.burmeseclassic.com

www.burmeseclassic.com

# အမိအရ

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## 6

### မိုးသက်လင်းထက်

နှင်း မှုံလေးတွေ တဖွဲဖွဲကျကာနေသည်။ မနက်ကိုးနာရီ ပင် ထိုးပြီဖြစ်သော်လည်း နှင်းက မကွဲချင်သေး။ ထို့အပြင် အအေးဓာတ်က အရပ်လေးမျက်နှာကို လွှမ်းခြုံထားသေး သည်။ အေးခန့်က ခရီးဆောင်အိတ်တစ်ဖက်၊ ကျောပိုးအိတ်တစ်လုံး ကို ဆွဲကာ မြင်းလှည်း ဂိတ်သို့ ထွက်လာလိုက်သည်။ အမှန်တော့ မြင်းလှည်းဟုဆိုသော် လည်း ဒီအရပ်ဒေသမှာတော့ ထိုအရာကို ရထားလုံးဟု ခေါ်သည်။

သူရောက်သွားတော့ ရထားလုံးတစ်စင်းနားမှာ ရပ်နေသော ဂေါ်ရခါးကုလားတစ်ယောက်က. . .

www.burmeseclassic.com

www.burmeseclassic.com

# ၇ အမိအရ

"ညီလေး. . .ရထားလုံးငှားမလို့လား"

"ဟုတ်တယ် အစ်ကို၊ အားလား"

"အားတယ်လေ. . . ဘယ်သွားမလို့လဲ"

အေးခန့်က လိပ်စာစာရွက် ထုတ်ပြလိုက်သည်။ ထို့နောက် ရထားလုံးဆရာက လိပ်စာစာရွက်ကိုကြည့်၍. . .

"ဩော်. . . မြို့အထွက်ဘက်မှာပဲ၊ ငါးထောင်တော့ပေးရမယ် ညီလေး"

"ဟာ. . . များလှချည်လား"

BURMESE CLASSIC

"ကိုယ့်ညီသွားရင် တွေ့ပါလိမ့်မယ်၊ ကိုယ့်ညီလိပ်စာက မြို့အထွက်ဘက်က လိမ္မော်ခြံတွေဘက်မှာကွ"

အေးခန့် တစ်ချက်တော့ စဉ်းစားလိုက်သည်။ ထို့နောက် ခေါင်းညိတ်ပြကာ ပါလာတဲ့ ခရီးဆောင်အိတ်နဲ့ ကျောပိုးအိတ်ကို ရထားလုံးအတွင်းသို့ ပစ်တင်လိုက်ကာ ရထားလုံးမောင်းသူဘေးက တစ်နေရာသို့ ဝင်ထိုင်လိုက်သည်။ ရထားလုံးဆရာ ဂေါ်ရခါးက သူ့ကို ကြည့်၍. . .

"ကိုယ့်ညီက အထဲမှာမထိုင်ဘူးလား"

သူက ခေါင်းခါပြလိုက်ရင်း. . .

"ဒီအပေါ်က တစ်ခါမှမစီးဘူးလို့ ဒီကပဲလိုက်တော့မယ်"

ရထားလုံးဆရာက ပြုံးလိုက်ကာ. . .

"သဘောဗျာ. . . သဘော၊ ဒါနဲ့ ပြင်ဦးလွင်ကို အခု

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဘူးတာလား"

သူက ခေါင်းညိတ်ပြလိုက်သည်။ ရထားလုံးဆရာက သူ့ဘေးနားထိုင်ရင်း မြင်းဇက်ကြိုးကို ကိုင်လိုက်ကာ ဆက်မေး၏။

"အလည်ပဲလား"

သူ့ကပြုံးလိုက်ကာ. . .

"ဆိုပါတော့ဗျာ"

ထို့နောက် ရထားလုံး စထွက်၏။ လမ်းဘေးဝဲယာရှုခင်းတွေကိုကြည့်ရင်း ရထားလုံးလှည်းဘီးသံနှင့် မြင်းခွာသံများကြားတွင် သူ စီးမျောသွားပါတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ဘဝမီဘဝရ ၉

# အေးခန့်

www.burmeseclassic.com

www.burmeseclassic.com

## 10 မိုးဆက်လင်းထက်

သကို ရွာကလူတွေက ငပိချက်ဟုခေါ်သည်။ နေရာတကာ ဟိုစပ်စပ်ဒီစပ်စပ် ပါတတ်သောကြောင့် ပါလေရာငပိချက်ဟု ခေါ်ရင်းမှ ဤနာမည် တွင်သွားခြင်းဖြစ်၏။ ပြီးတော့ သူက ဆရာလည်းလုပ်တတ်သည်။ သူက တကယ်သိ တကယ်တတ်လို့ ဆရာလုပ်တာမျိုးမဟုတ်။ ဘာမှမသိ၊ ဘာမှမတတ်ဘဲနဲ့ ဝါသနာအရ သူတစ်ပါးအပေါ် ဆရာလုပ်ခြင်းဖြစ်သည်။

တစ်ခါက ရွာလည်မှာနေတဲ့ မတုတ် လေအောင့်ခြင်းကို တုတ္တိုယ်ရွက်နှင့် ဟင်းခါးရွက် သုံးခွက်တစ်ခွက်တင် ကျိုသောက်ရတယ်ဟု သွားပြောရာ ဟိုက အဟုတ်မှတ်၍ လိုက်လုပ်ရာမှ မတုတ်မြို့က တိုက်နယ်ဆေးရုံသို့ ညတွင်းချင်းရောက်သွားဖူး၏။ ရွာဦး

www.burmeseclassic.com

www.burmeseclassic.com

# အခမ်းအနား ၁၁

ကျောင်း ဆရာတော်ဘုရားကိုလည်း ကျွဲခေါင်းသီးနှင့် လက်ဖက်သုပ်က တွဲစားရင် အစာကျေတယ်ဟုပြောပြီး သွားကပ်ဖူးရာ ဆရာတော်တုတ်နဲ့လိုက်၍ ကျောင်းပေါ်က ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ရဘူးသည်။

"ခွေးသား၊ ကျွဲခေါင်းသီးနဲ့ လက်ဖက်က အခန့်မသင့်ရင် တောက်ပြီးသေတတ်တယ်တဲ့ မှတ်ထား၊ ငါ့ကို ဘဝနတ်ထံ မြန်မြန်ပို့အောင် လုပ်နေတာလား"

ဆရာတော် ပြောစကားက အခုထိ ပွဲတင်ထပ်နေဆဲ။

သို့သော် အေးခန့်ဆိုတဲ့ကောင်ကတော့ သူ့ဝသီအတိုင်း ဟိုစပ်စပ်ဒီစပ်စပ် နေရာတကာပါ၍ ဆရာလုပ်မြဲအတိုင်း လုပ်သည်။ ဒီလိုနဲ့ အေးခန့်တစ်ယောက် ရွာကိုလာသည့် ကျောက်ပွဲစားတစ်ယောက်နှင့်ပါသွားရာ နှစ်နှစ်လောက် ရွာကပျောက်သွားသည်။ သူ့အကြောင်း ဘာသတင်းမှ မကြားရတော့၊ မိုးကုတ်မှာလိုလို၊ ဖားကန့်မှာလိုလိုသာ ကြားရသည်။ ဤသို့ဖြင့် နှစ်နှစ်လောက်ကြာတော့ ရွာကိုပြန်ရောက်လာသည်။ ရွာကလူတွေက သူ့ကို ကျောက်အောင်ပြီး သူဌေးဖြစ်လာသည်ထင်၍ ဝမ်းသာအားရ ဝိုင်းကြိုကြ၏။ သို့သော် အေးခန့်ဘဝက ဒုံရင်းကဒုံရင်း။ သို့သော် ထူးခြားတာတော့ ဖြစ်လာသည်။ အရင်ကလို ပေါတောတော ရှုံ့နှံ့နှံ့မဟုတ်တော့ဘဲ တည်တည်ငြိမ်ငြိမ်ရှိလာ၏။ ဒဿနလိုလို၊ ဆိုက်ကိုလိုလိုနှင့် အရေးခေါ် ဆန်ဆန် စကားလုံးတွေ သုံးတတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

## 12 မိုးသောက်လင်းတက်

ဤသို့နှင့် ရွာမှာ တစ်လလောက်နေသည်။ ထို့နောက် သူကြီးတော်ကြီး ဆုံးသွား၍ ကျန်ခဲ့တဲ့ နွားတစ်ရှဉ်းနဲ့ ခြံဝိုင်းလေးကို ရောင်းပြီး ရန်ကုန်သို့ ဆင်းချသွားပါတော့သည်။

ရန်ကုန်သို့ သွားကာနီး သူပြောသွားတဲ့စကားလေးတစ်ခွန်း ရှိသေး၏။ ဘာတဲ့. . .

'တပေလောကထဲ ခြေစုံပစ်ဝင်တော့မည်'ဟု၊

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# အောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## 14 မိုးသောက်လင်းယက်

သူက အေးခန့်ရဲ့ အချစ်ဆုံးသူငယ်ချင်း။ ရွာမှာဆို ဆိုးဖော် ဆိုးဖက်၊ တေဖော်တေဖက်၊ သောက်ဖော် သောက်ဖက်၊ ဂေါ်ဖော် ဂေါ်ဖက်တွေ ဖြစ်ကြသည်။ အေးခန့်ရဲ့ သူငယ်ချင်းဆိုတော့ သူလည်း ရာဇဝင်နဲ့လာသူပါ။ သူက အေးခန့်လို တော့ နေရာတကာပါလေရာတော့မဟုတ်။ သို့သော် နည်းနည်းကြွား ချင်တဲ့ ဇလေးတော့ရှိသည်။ သူ့ဆီမှာ ဆယ်ပြားရှိလျှင် တစ်ကျပ်ရှိ သည်ဟု ပြောတတ်တဲ့လူမျိုး။

သူလည်း အေးခန့်နဲ့အတူတွဲလာရင်း အေးခန့်ပျောက်သွား တဲ့ နှစ်နှစ်အတွင်း ဟိုဘက်ရွာက အေးဘုံနဲ့ အိမ်ထောင်ကျပြီး ရွာက ထွက်သွားလိုက်တာ ပြန်ပေါ်မလာတော့။ အေးခန့် ရွာကိုပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့ အောင်ကြီးအကြောင်း စုံစမ်းသည်။ သို့သော် ဘာသတင်း အစအနမှမရ။

ထို့နောက် အေးခန့် ရန်ကုန်ရောက်သွားသည်။ တစ်ရက် (၃၅)လမ်းထဲမှာ အောင်ကြီးနဲ့ အမှတ်မထင် ဆုံ၏။ တစ်ယောက်နဲ့ တစ်ယောက် ဝမ်းသာအားရ နှုတ်ဆက်ကြရင်း တစ်ယောက် အကြောင်း တစ်ယောက်မေးကြသည်။

အေးခန့်က အခု သူ နိုင်ငံကျော်စာရေးဆရာကြီး ဖြစ်နေပြီဟု ပြောသည်။ အောင်ကြီးကလည်း ဝမ်းသာကြောင်းပြော၍ သူလည်း ပြင်ဦးလွင်ဘက်မှာ လိမ္မော်ခြံတွေ ပိုင်နေပြီဖြစ်ကြောင်း၊ အခု ရန်ကုန်သို့ လိမ္မော်သီး အရောင်းအဝယ်ကိစ္စနှင့် ဘုရင့်နောင် ပွဲရုံသို့ လာရခြင်းဖြစ်ကြောင်း ပြောသွား၍ သူ့လိပ်စာပါပေးသွား၏။

ထို့နောက်

"မင်း စိတ်ပြေလက်ပျောက် ခရီးထွက်ရင်း စာရေးချင်ရင် လာခဲ့လေ"

ဟု ဖိတ်ကြားသွားလေသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက် အဆက်အသွယ် ပြန်ရသွားကြလေသည်။

ဤသို့ဖြင့်ပင် ခြောက်လလောက်ကြာသောအခါ. . .။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## အခိအခု 17

"ဒေါ်စမ်းပါဦး. . . ရှင့်သူငယ်ချင်းက နိုင်ငံကျော်စာရေးဆရာကြီးဆိုတော့ နာမည်ဘယ်သူလဲ"

"သိဘူးလေ"

"ဟင်. . . မသိဘဲနဲ့ ရှင်က နိုင်ငံကျော်စာရေးဆရာကြီးလို့ ဘယ်လိုလုပ်ပြီးသိတာလဲ"

"သူပဲ ငါ့ကိုပြောတာပဲ၊ သူက နိုင်ငံကျော်စာရေးဆရာတဲ့"

အေးဘုံ သက်ပြင်းကို အတောင့်လိုက်ချပစ်လိုက်သည်။ သူယောကျ်ားသူကြည့်၍ စိတ်ပျက်လက်ပျက်လည်း ဖြစ်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com

## 18 ဗိုးသက်လင်းထက်

"ဒီမှာကိုအောင်ကြီး ကျွန်မတို့မှာ စားစရာတောင်အနိုင်နိုင် ဖြစ်နေရတဲ့အထဲ ရှင့်သူငယ်ချင်းက ဒီကိုလာပြီး စာလာရေးဦးမယ်၊ ကျွန်မဗိုက်ထဲက တစ်ယောက်ကလည်း ဘယ်တော့အပြင်ထွက်မလဲမသိဘူး၊ အဲဒီကိစ္စ ရှင်ဘယ်လိုလုပ်မလဲ"

အောင်ကြီးက ဆေးပြင်းလိပ်ကလေးကို နှစ်ချက်သုံးချက်ဖွာ၍. . .

"ဘယ်လိုလုပ်ရမလဲဟာ. . . သူ့ဟာနဲ့သူ ဖြစ်သွားမှာပေါ့"

"အာ. . . ဘယ်လို သူ့ဟာနဲ့သူဖြစ်သွားမယ် ဟုတ်လား၊ ဘယ်လိုဖြစ်သွားမှာလဲ ပြောစမ်းပါဦး၊ ပြောစမ်းပါဦး၊ ရှင်ရတဲ့ မြေစောင့်လခ နှစ်ပဲတစ်ပြားနဲ့ အခုစားမဲ့လူတစ်ယောက်က တိုးလာဦးမယ်"

"သူ့မှာလည်း ပိုက်ဆံပါလာမှာပါဟာ နင်ကလည်း"

"ပါလာရင်တော့ ကောင်းတာပေါ့၊ မပါလာရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ရှင်က ဒီလိုမြေ့ခြံကို ရှင်ပိုင်တယ်လို့ ပြောထားတယ်ဆို"

"အေးလေ. . . ဘာဖြစ်လဲ၊ အဲဒါ သူသိတာလိုက်လို့"

အောင်ကြီးက ဘာမှမဖြစ်သလို အေးအေးဆေးဆေးပင် ဖြေ၏။ အေးဘုံက မျက်နှာမဲ့ကာ တစ်ဖက်လှည့်သွားသည်။

"ကြွားတယ်ဆိုတာလည်း တော်ရုံတန်ရုံ ကြည့်ကြွားရ



www.burmeseclassic.com

www.burmeseclassic.com

အခ်ိဳ႕အရ 19

တယ် အောင်ကြီးရဲ့ ဟိုက ရှင့်ကို ခြံပိုင်ရှင်သူဌေးလို့ ထင်နေတော့ ဘယ်လိုလုပ်မလဲ၊ ရှင့်မှာ ပိုက်ဆံမရှိဘူးပြောရင် ယုံမှာလား"

"ဒါ. . . ငါ့ဟာငါ ကြည့်ပြောပါ့မယ်ဟာ၊ နင်သာ မီးစင်ကြည့်ကစမ်းပါ၊ ဒီကောင်နဲ့ငါ ငယ်ငယ်ကတည်းက တွဲလာတာပါ အေးဆေးပါ"

အေးဘုံ ဘာမှဆက်မပြောတော့၊ ထိုင်ရာမှထပြီး မီးဖိုချောင်ထဲသို့ ဝင်သွားတော့သည်၊ အောင်ကြီးတစ်ယောက်ကတော့ အိမ်ပြတင်းပေါက်မှနေ၍ မြေနီလမ်းကလေးကို မျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်ပါတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



"ရထားမှာ အမျိုးမျိုးရှိတယ်ဗျ၊ မြင်းရထား၊ ဒီဇယ်ရထားနဲ့ ရေနွေးငွေ့ရထား၊ အဲ. . . ခင်ဗျားရထားက မြင်းဆွဲတဲ့ရထားဆိုတော့ မြင်းရထားအမျိုးအစားမှာ ပါတာပေါ့၊ ဟုတ်တယ်မလား"

ဂေါ်ရခါးကုလားက အေးခန့်ကို တစ်ချက်ကြည့်ပြီး အူကြောင်ကြောင်နှင့် ခေါင်းညိတ်ပြသည်။ အေးခန့်က သူ့ရှေ့က လှည်းဆွဲနေတဲ့မြင်းကို တစ်ချက်ကြည့်၍. . .

"ခင်ဗျားမြင်းက ဘယ်ကလဲ"

"ဗျာ"

"ခင်ဗျားမြင်းက ဘယ်ကလဲလို့"

www.burmeseclassic.com

www.burmeseclassic.com

# အခမ်းအနား ၂၁

"ဘာဖြစ်လို့လဲဟင်"

"ပြောမှာသာ ပြောစမ်းပါဗျာ၊ ဒီမြင်း ဘယ်ကလဲလို့"

အေးခန့်ရဲ့ စိတ်မရှည်နိုင်တဲ့ စကားကြောင့် ကုလားက အူကြောင်ကြောင် ပုံဖြစ်သွား၏။ ထို့နောက် စကားထစ်ထစ်ငေါ့ ငေါ့နှင့်. . . .

"ကျ. . . ကျ. . . ကျွန်တော့်အိမ်ကပါ"

"မွေးရပ်ဇာတိက"

အေးခန့်က ခပ်တည်တည်နှင့် ဆက်မေးသည်။ ကုလား ဘုမသိဘမသိ ဆက်ဖြေ၏။

"မြင်. . . မြင်. . . မြင်ဦးလွင်ကပါပဲ"

အေးခန့်က လက်ခုပ်တစ်ချက် ဖြောင်းခနဲတီး၍ လက်သီးလက်မောင်း တန်းပစ်လိုက်သည်။ ရုတ်တရက်ဆိုတော့ ကုလား လန့်ကာတုန်သွား၏။

"ဒါပဲဗျ. . . ဒါပဲ၊ ရှမ်းမှာမြင်း၊ နွားမှာရခိုင်တဲ့၊ ခင်ဗျားမြင်း က ရှမ်းမြင်းဗျ၊ ရှမ်းမြင်း၊ ဒါကြောင့် ကောင်းတာ"

ကုလားက ခေါင်းကိုကုတ်သည်။ အေးခန့်က ဆက်ပြော ၏။

"ခင်ဗျား မှတ်ထား၊ မြင်းထဲမှာ ရှမ်းပြည်ကမြင်းက အကောင်းဆုံးဗျ"

"မ. . . မ. . . မဟုတ်သေးဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

## 22 ဆိုးဘက်လင်းထက်

"ဘာလို့မဟုတ်ရမှာလဲ၊ ခင်ဗျားမြင်းက ပြင်ဦးလွင်မှာမွေး တော့ ရှမ်းမြင်းပေါ့ဗျ"

"ဟာ. . . သူကသာ ပြင်ဦးလွင်မှာမွေးတာ၊ သူ့အမေက ရေနံချောင်းဘက်ကဗျ"

"အင်"

အေးခန့် တစ်ချက်ငြိမ်သွားပြီး တွေခနဲဖြစ်သွား၏။ ခဏ လောက်ကြာတော့မှ. . .

"ဒါဆို သူ့အဖေက ရှမ်းဖြစ်မယ်"

ကုလားက ခေါင်းကိုတွင်တွင်ခါ၍. . .

"ဟင့်အင်း. . . ဟင့်အင်း၊ သူ့အဖေကလည်း ရေနံ ချောင်းတပဲ"

အေးခန့် ဘာဆက်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။ ခဏကြာတော့မှ အတွေးတစ်ခုရသွားကာ. . .

"ဘာပဲဖြစ်ဖြစ်ဗျာ. . . ရှမ်းပြည်မှာမွေးတော့ ရှမ်းမြင်းပဲ ပေါ့ ဟုတ်ဘူးလား"

"ထားပါတော့ဗျာ. . . ထားပါတော့၊ ခင်ဗျားပြောသလို ရှမ်းမြင်းပဲထားပါတော့"

အေးခန့်က ရယ်သည်။ ထို့နောက် စကားဆက်ပြော၏။

"မြင်းလှည်းကို သူ့နေရာဒေသလိုက်ပြီး အမျိုးမျိုးခေါ်ကြ တယ်ဗျ၊ အဲ. . . အခု ခင်ဗျားတို့ဆီမှာတော့ ရထားလုံးပေါ့၊

www.burmeseclassic.com



မော်လမြိုင်ဘက်မှာဆို ဘုံပြတ်လို့ခေါ်တယ်ဗျ၊ ကျွန်တော်တို့ အညာမှာတော့ မြင်းလှည်းပေါ့၊ ခင်ဗျား အဲဒါတွေသိလား"

ကုလား တဖြည်းဖြည်း စိတ်ညစ်လာသည်။ ဈေးဦးပေါက်မို့သာ လာဘ်ဦးမလှန်ကောင်း၍ ငြိမ်နေရသည်။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်သာဆို ခုန်ပြေးချင်စိတ်ပင် ပေါက်လာ၏။

"ခင်ဗျား မကြားဘူးရင်လည်း မှတ်ထားပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်က ဆရာကြီးလုပ်တာတော့ မဟုတ်ဘူးနော်၊ ဗဟုသုတ ဖြန့်ဝေပေးတဲ့သဘောပါ"

ကုလား သက်ပြင်းကို ခိုးချသည်။ အေးခန့်မြင်မှာလည်း ကြောက်ရသေး၏။

အေးခန့်ကတော့ ခေါင်းတညိတ်ညိတ်နှင့် ပတ်ဝန်းကျင် ရှုခင်းတွေကိုကြည့်ရင်း လိုက်လာ၏။ ဘာစကားမှ ထပ်မပြောတော့၍ တော်သေးသည်ဟု ဆိုရမည်။ မိနစ်အနည်းငယ်ကြာတော့ မြေနီလမ်းလေးထိပ်သို့ ရောက်သည်။ ကုလားက ထိုထိပ်မှာတင် သူ့မြင်းလှည်းကိုရပ်၍. . .

"ကဲ. . . ကိုယ့်ညီ ဒီလမ်းအတိုင်းသာသွား၊ ကိုယ့်ညီ ရောက်ချင်တဲ့ခြံကို ရောက်ပြီ"

အေးခန့်က လမ်းကိုမျှော်ကြည့်၍. . .

"ခင်ဗျားက အထဲထိလိုက်မပို့တော့ဘူးလား"

"ပို့တော့ပို့ချင်ပါတယ်၊ ဒီလမ်းကကျဉ်းတော့ ထော်လာဂျီ

www.burmeseclassic.com

www.burmeseclassic.com



တွေထွက်လာရင် ရှောင်လို့မလွတ်ဘူးဗျ"

အေးခန့်က မြင်းလှည်းပေါ်မှ ဖုတ်ခနဲခုန်ဆင်းလိုက်သည်။ ထို့နောက် ရထားလုံးအိမ်အတွင်း ထည့်ထားသော ခရီးဆောင်အိတ်နှင့် ကျော့ပိုးအိတ်ကိုမ၍ ထွက်သွားပါတော့၏။

ကုလားလည်း မြင်းလှည်းကို ပြန်လှည့်မလိုလုပ်ပြီးမှ. . .

"ကိုယ့်လူ. . . ကိုယ့်လူ မြင်းလှည်းခ"

ထိုတော့မှ အေးခန့်က လှည့်ကြည့်၍ စပ်ဖြီးဖြီးနှင့်. . .

"အဟီး. . . မေ့သွားလို့၊ ရော့"

ဟုဆိုကာ အိတ်ထဲက ထောင်တန်ငါးရွက် ထုတ်ပေးလိုက်သည်။ ကုလားလည်း ထောင်တန်ငါးရွက်ကိုယူ၍ တစ်ချိုးတည်းလစ်ပါတော့၏။ သူ့ခမျာ ဝန်ထုပ်ဝန်ပိုးကြီး အခုမှကျသွားသည့်ပုံစံမျိုး။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၅

အောင်ကြီးက သူ့ခြံထဲသို့ လျှာတန်းလန်းထွက်ကာ ခယီးဒယိုင်နဲ့ ဝင်လာတဲ့လူကို တွေ့ကတည်းက အေးခန့်မှန်း သိလိုက် ၏။ ထို့ကြောင့် ထိုင်ရာမှထကာ ခြံဝသို့ အပြေးအလွှား သွားလိုက် ပါသည်။

"ဘယ်လိုဖြစ်လာတာလဲကွာ၊ မင်းကြည့်ရတာ မသက်သာ လိုက်တာ၊ မြင်းလှည်းလေးဘာလေး ငှားလာရောပေါ့ သူငယ်ချင်း ရာ"

အေးခန့်က မောနေသည့်ကြားမှ အောင်ကြီးကို မျက်လုံး မှေးပြီးကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com

## ၂၆ မိုးသောက်လင်းလာ

"ဘာ. . . မြင်းလှည်း ဟုတ်လား၊ မင်းပြောတဲ့မြင်းလှည်းဝဲ ငါ့ဆီရောက်လာတာလေ"

အောင်ကြီးက အေးခန့်လက်ထဲမှ ခရီးဆောင်အိတ်ကို လှမ်းယူလိုက်သည်။ ထို့နောက် သူက ရှေ့ကဦးဆောင်၍ အိမ်ရှိရာသို့ လှမ်းထွက်သွားလိုက်၏။

"ဒါဆိုလည်း ငါ့ခြံထိပ်ထိ ဘာလို့လိုက်မပို့နိုင်းတာလဲ"

"ဒီလောက်ဝေးမှန်း ငါလည်းဘယ်သိမလဲကွ၊ သူက လမ်းထိပ်ချပေးလိုက်တော့ ငါလည်း ဆင်းနေခဲ့တာပေါ့"

အောင်ကြီးက သူ့နဖူးသူ လက်ဝါးနဲ့ရိုက်ပစ်လိုက်ကာ. .

"သေလိုက်ပါတော့ အေးခန့်ရာ၊ မင်းကို မြင်းလှည်းသမားတော့ ပညာပေးလိုက်ပြီ၊ လမ်းထိပ်နဲ့ ငါ့ခြံက တစ်မိုင်လောက်ဝေးတာကွ"

"ဟင်"

အေးခန့် မျက်လုံးပြူးသွား၏။ သူလျှောက်ခဲ့တဲ့လမ်းက တစ်မိုင်လောက်တောင် ရှိတယ်ဆိုပဲ။

ထို့နောက် သူတို့ အိမ်ထဲဝင်လာကြ၏။ အေးခန့်က အောင်ကြီးအိမ်ကို တစ်ချက်ဝေ့ကြည့်လိုက်ကာ. . .

"မင်းအိမ်လေးက ဘယ်ဆိုးလို့လဲကွ၊ သပ်သပ်ရပ်ရပ်ကလေး ရှိသားပဲ"

"ဟဲ . . . ဟဲ ဒါတောင် ခြံထဲမှာ အဖြစ်ဆောက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပဲ ရှိသေးတယ်ကွ၊ အပျော်ဆောက်ထားတာ၊ အပျော်ဆောက်ထားတာ၊ မြို့ထဲကို ကိစ္စလေးရှိလို့လာရင် နားဖို့ဆောက်ထားတာ၊ မြို့ပေါ်မှာ ငါဝယ်ထားတဲ့အိမ်ဆို"

"ဂလုံ"

"ဟဲ့. . . သောက်ပလုတ်တုတ် ဘာလဲဟ"

အိမ်အနောက်ဘက်မှ ဒန်အိုးလွတ်ကျသံလိုလို၊ ဒန်ခွက်အချင်းချင်း ရိုက်သံလိုလို မှတ်တရက်ထွက်လာ၍ အေးခန့်လန့်ကာသွား၏။ အောင်ကြီးက အေးဘုံ သူ့ကို သတိပေးလိုက်ပြီဆိုတာ သိလိုက်သည်၊ ထို့ကြောင့် ချက်ချင်း စကားလွှဲပစ်လိုက်တာ. . .

"အဟဲ. . . ဟဲ. . . ကြောင်. . . ကြောင်တွေထင်တယ်ကွ၊ ဒီကောင်တွေ အရမ်းသောင်းကျန်းတာ"

ထိုအချိန်တွင် အေးဘုံက မီးဖိုခန်းထဲက ပြုံးပြုံးကြီး ထွက်လာသည်။ မျက်နှာကတော့ သိပ်မကြည်လင်။ အပြင်ရောက်တော့ အေးခန့်ကို တစ်ချက်လှမ်းကြည့်၍ အောင်ကြီးကို ကြည့်လိုက်သည်၊ အောင်ကြီးက မျက်နှာချိုတစ်ချက် သွေးပြလိုက်ကာ. . .

"ဘုံ. . . ဒါ ကိုယ်ပြောပြောနေတဲ့ ကိုယ့်သူငယ်ချင်းလေ၊ အေးခန့် ဒါ ငါ့မိန်းမ"

"ဩော်. . . အေး အေး၊ နင်က မကျည်းကိုင်းရွာတယောင်း၊ ငါသိတာပေါ့ဟ၊ ဒီကောင်ကြီး နင့်ရွာကိုလာရင် ငါ့ပါ

www.burmeseclassic.com



ထာထယ်လေ မသိဘူးလား"

"မသိဘူး"

အေးဘုံရဲ့ ခပ်ပြတ်ပြတ်စကားကြောင့် အေးခန့် ဘာဆက်ပြောရမှန်းမသိတော့။ အောင်ကြီးက အေးဘုံ အခြေအနေကို ကြည့်၍ မကောင်းတော့ဘူးဆိုတာ သိကာ စကားလမ်းကြောင်း အမြန်ပြောင်းသည်။

"ကဲ. . . ဒီကောင်ကြီးလည်း ခရီးပန်းလာတယ်ဆိုတော့ နားချင်ပြီပေါ့။ အပေါ်ထပ်မှာ မင်းအတွက် အခန်းပြင်ထားတယ် သူငယ်ချင်း၊ ခဏတစ်ဖြုတ်နားပြီး ထမင်းစားကြတာပေါ့၊ ဒါနဲ့ မိန်းမ ဘာတွေချက်ပြုတ်ပြင်ဆင်ထားလဲ"

"ဘာတွေချက်ထားလဲ ဟုတ်လား၊ မနက်ကတည်းက ဆန်မရှိလို့ ဘာမှမချက်ရသေးဘူး"

"ဟင်"

အောင်ကြီး မျက်လုံးပြူးသွားသည်။ ထို့နောက် မျက်နှာပျက်သွား၏။ သို့သော် ချက်ချင်း ပြန်ဟန်ဆောင်လိုက်ကာ. . .

"ဟား. . . ဟား ငါ့မိန်းမကတော့ နောက်တော့မယ်၊ ဒီလိုပဲကွ ငါ့မိန်းမက အရမ်းနောက်တာ၊ ဟဲ. . . ဟဲ မင်းသွားနား ရင်နားတော့လေ၊ ပြီးတော့ ထမင်းစားလာခေါ်မယ်"

အေးခန့်က အူကြောင်ကြောင်နဲ့ ခေါင်းညိတ်ပြကာ အိမ်ပေါ်တက်သွားသည်။ အေးခန့် အပေါ်ရောက်သွားတော့မှ

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးက အေးဘုံနားသို့ ကပ်သွားကာ. . .

"ဘယ်လိုပြောလိုက်တာလဲ မိန်းမ၊ မင်း ငါ့ကို အရှက်ခွဲတာလား"

"ဟုတ်တာမှန်တာ ပြောတာပဲလေ၊ ဘာရှက်စရာရှိလဲ၊ ရှင်သာ သူများပစ္စည်း ကိုယ့်ပစ္စည်းလုပ်ပြီး အငမ်းမရ လျှောက်တွားနေတာ"

"အေးပါကွာ. . . ထားပါတော့၊ အဲဒါတွေ ငါ့ကိစ္စထားပါ၊ ငါ့ဘာသာငါ မီးစင်ကြည့်ကပ့ါမယ်၊ ဒါနဲ့ ဘာမှမချက်ထားဘူးဆိုတာ တကယ်လား"

"ဟုတ်တယ်၊ ဆန်မရှိလို့ ထမင်းအိုးမတည်ရသေးဘူး၊ ဟင်းကတော့ မနေ့ကကျန်တဲ့ ငါးကြော်တော့ရှိတယ်"

"ဒါဆို ဒေါ်လေးဆွေဆီက ထုံးစံအတိုင်း သွားချေးပြီး ချက်လိုက်ကွာ၊ ဟင်းရှိရင်လည်း ပေးလိုက်ပါဦးလို့"

အေးဘုံက မျက်စောင်းထိုးလိုက်သည်။ ထို့နောက်. . .

"ဟွန်း. . . ဒါမျိုးတော့ ခိုင်းတတ်တယ်"

ဟုပြောကာ အိမ်ထဲမှ ထွက်သွားပါတော့၏။ အောင်ကြီးသည် ထိုတော့မှ သက်ပြင်းချကာ ကျန်ခဲ့ပါတော့သည်။

♥ ♥ ♥

[redacted]

www.burmeseclassic.com

# 30

[illegible]

"ဘယ်လိုလဲ စားလို့သောက်လို့ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် သူငယ်ချင်းရာ"

အေးခန့်က သွားကြားလေးထိုးကာ ဆိုသည်။ သူတို့က စားပြီးသောက်ပြီးသွားတော့ အိမ်ရှေ့ကွပ်ပျစ်ကလေးမှာ စကားထိုင်ပြောနေကြခြင်းဖြစ်၏။ အေးခန့်က တစ်မျှော်တစ်ခေါ်ကြီး ရှိနေသော လိမ္မော်ခင်းကြီးကို လှမ်းကြည့်လိုက်ကာ. . .

"မင်းခြံက တော်တော်ကျယ်တာပဲကွနော်၊ ဝယ်တုန်းက ဈေးမနည်းမနောပေးရမှာ"

အောင်ကြီးက ရယ်သည်။ ပြီးနောက် အရယ်တစ်ဝက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြ၏။

"ပေးရတာပေါ့ကွ. . . ပေးရတာပေါ့"

"ဒါနဲ့. . . မင်း ဘာလို့ ဒီလောက်ချမ်းသာလာတာလဲ ထင်၊ ပွပေါက်လေးရှိမဲ့ ကိစ္စလေးရှိရင်လည်း ငါ့ကိုပြောစမ်းပါဦး ကွာ"

အောင်ကြီးက မျက်နှာတစ်ချက်တည်သွားသည်။ ထို့နောက် ရုပ်တည်ကြီးနှင့်. . .

"ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ အားသုံးပါးစိုက်ခဲ့လို့ပေါ့ကွ၊ သိတယ်မလား အောင်ကြီးလေ တခြားကောင်မှမဟုတ်တာ"

အေးခန့်က မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်သည်။ သူ့သူငယ်ချင်းအကြောင်းလည်း သူသိနေ၍ အောင်ကြီးစကားကို အပြည့်အဝလည်း မယုံရဲသေး။ ထို့နောက် တောင်တွေးမြောက် တွေးတွေ လျှောက်တွေးနေရင်းမှ မနက်က ကြုံတွေ့ခဲ့သည့် အေးဘုံနှင့် ဆက်ဆံရေးကို အတွေးရောက်သွား၍. . .

"ဟေ့ကောင် အောင်ကြီး"

"ဘာလဲကွ"

"မင်းမိန်းမက ဖြစ်ပါ့မလားကွ၊ မနက်က တစ်မျိုးကြီး နော်"

အောင်ကြီးက ဘာမှမဖြစ်သလို အမူအရာနှင့်. . .

"သူက ဒီလိုပါပဲကွာ၊ ဒီမှာလာနေရတာကို စိတ်ညစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ"

"ဟုတ်လို့လားကွာ. . . ဒါဆိုလည်း သူနေချင်တဲ့နေရာမှာ ထားလိုက်ပေါ့"

"ဖြစ်မလားကွ. . . သူက ကိုယ်ဝန်ကြီးနဲ့"

"ဒါနဲ့ သူက ဘယ်မှာနေချင်တာလဲ"

"မြို့ပေါ်မှာလေ. . . ငါက မင်းလာမယ်ဆိုတော့ စာလေးဘာလေး အေးအေးဆေးဆေး ရေးရအောင် ဒီပြောင်းလာတာ"

"ဟာ. . . အားနာစရာကြီးကွာ၊ အဲဒီလိုဆိုတော့လည်း မင်းမိန်းမက ဘယ်ကျေနပ်ပါ့မလဲ"

"ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ အဲဒါကို မင်းသဘောပေါက်ထားရင် ပြီးတာပဲ"

အေးခန့်က ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

လေကတဖြူးဖြူး တိုက်ခတ်ကာနေ၏။ တစ်ခါတစ်ခါ သင်းပျံ့ရှတသော လိမ္မော်ရနံ့လေးများကို ရှူရှိုက်မိလေသည်။

♥ ♥ ♥

www.burmeseclassic.com

## အမိအရ 33

မြ နက်အိပ်ရာထတော့ (၈) နာရီတောင် ခွဲပြီ။ တောင်ပေါ် ဒေသဖြစ်၍ နှင်းမကွဲသေး။ အေးခန့်က အိပ်ရာမှ ထပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်ရောက်တော့ ဘယ်သူမှမတွေ့။ ထို့နောက် မျက်နှာသစ်ရန် အိမ်ရှေ့အုတ်တန်ရှိရာသို့ ထွက်ခဲ့လိုက်ပါတော့၏။

မျက်နှာသစ်၊ သွားတိုက်ပြီးတော့ အိမ်ပေါ်ထပ်တက်ကာ ခရီးဆောင်အိတ်ထဲမှ မျက်နှာသုတ်ပဝါကို ထုတ်၍ သုတ်လိုက်ပြီး အောက်ထပ် ပြန်ဆင်းခဲ့လိုက်၏။

အောက်ထပ်ရောက်တော့ တောင်ကြည့်မြောက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com

## 34 မိုးသက်လေပြင်းလာ

ကြည့်၍ ဘယ်သူ့မှမတွေ့သေးသောကြောင့် အသံပြုလိုက်၏။

"အောင်ကြီးရေ. . . အောင်ကြီး"

". . . . . . . . . . ."

"အောင်ကြီးရေ"

ခဏကြာသည်အထိ ဘာတုံ့ပြန်သံမှ မကြားရ။

'ဘယ်များရောက်ကုန်ကြပါလိမ့်'ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း အိမ်ရှေ့ဘက်သို့ လှမ်းအထွက်တွင် အေးဘုံ ခြံထဲ ဝင်လာတာနှင့် သွားတိုး၏။ အေးဘုံက လက်ထဲက ဈေးခြင်း တောင်းကို တံတောင်ဆစ်ချိုးတွင် တစ်ချက်ချိတ်လိုက်ကာ ခြံတံခါး ကို ပိတ်လိုက်၏။

ထို့နောက် သူမ ပြန်အလှည့်တွင် အေးခန့်နဲ့ မျက်နှာချင်း ဆိုင်မိ၍ အေးခန့်က. . .

"အေးဘုံ ဈေးကပြန်လာတာလား"

အေးဘုံက မပြုံးမရယ် မျက်နှာနှင့် တစ်ချက်ခေါင်းညိတ် ပြ၍. . .

"ဟုတ်တယ်"

"ဒါနဲ့ အောင်ကြီးရောဟင်"

"ဒီအချိန် ရှင့်သူငယ်ချင်း ခြံထဲမှာရှိမှာပေါ့"

အေးခန့်က အေးဘုံစကားကို တစ်ချက်တွေး၍. . .

"ခြံထဲမှာ ဟုတ်လား၊ ဪ အလုပ်သမားတွေဆီ သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြပ်နေတာထင်တယ်"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ သူကိုယ်တိုင် အလုပ်သွား လုပ်နေတာ"

အေးဘုံက ထိုသို့ပြောပြီး မီးဖိုချောင်ထဲ ဝင်သွားလေသည်။ အေးခန့်တစ်ယောက်သာ အူကြောင်ကြောင်နဲ့ ကျန်ခဲ့၏။ အောင်ကြီးက ခြံပိုင်ရှင်သူဌေးဖြစ်ပြီး ဘာကြောင့် အလုပ်သမား မငှားဘဲ တစ်ယောက်တည်း လုပ်နေရပါလိမ့်ဟု နားမလည်နိုင်စွာ တွေးနေမိလေသည်။ ထို့နောက် သူလည်း ခြံထဲသို့ ဆင်းလာခဲ့ပါတော့၏။ ခဏကြာတော့ ခြံအလယ်လောက်တွင် အပင်က အရွက်တွေကို ကပ်ကြေးနှင့်ညှပ်နေသော အောင်ကြီးကို သွားတွေ့သည်။

အောင်ကြီးက အေးခန့်ကို တွေ့သွားတော့. . .

"ဟာ. . . ဟော့ကောင် အခုမှနိုးတာလား"

"နိုးတာတော့ ခုနလေးက၊ အခု မျက်နှာသစ်သွားတိုက်ပြီးတော့၊ အဲဒါ မင်း ခြံထဲဆင်းသွားတယ်ဆိုတာနဲ့ လိုက်လာတာ"

"ဪ. . . ဘာစားပြီးပြီလဲ"

"ဘာမှမစားရသေးဘူး"

"ဟင်. . . မင်းကို အေးဘုံက ဘာမှမကျွေးဘူးလား"

"သူတောင် ခုနလေးကမှ ဈေးကပြန်လာတာ"

"တောက်. . . ဒီမိန်းမတော့ကွာ ဈေးကို စောစောစီးစီး

www.burmeseclassic.com

www.burmeseclassic.com



ခသွားဘူး"

အောင်ကြီးက သူ့မိန်းမကို ကြိတ်မနိုင်ခဲမရပုံစံ လုပ်၏။ အေးခန့်က တစ်ချက်ပြုံး၍. . .

"အမလေး. . . အပိုတွေလုပ်မနေစမ်းပါနဲ့ကွာ၊ မင်းအကြောင်း ငါမသိရင်ခက်မယ်၊ အခု မင်းကိစ္စတွေ ပြီးပြီလား"

"ဒါလေး တစ်ချက်နှစ်ချက်ညှပ်ပြီးရင် ပြီးပါပြီ"

"ဒါဆိုလည်း အမြန်လုပ်၊ လက်ဖက်ရည်သွားသောက်ရအောင်"

"OK"

အောင်ကြီး မျက်နှာဝင်းလက်သွား၏။ သို့သော် ခဏသာကြာသည်. မျက်နှာပြန်ညှိုးသွား၍ အေးခန့်က. . .

"ငါတိုက်မှာပါကွာ"

အောင်ကြီးက ရှက်ရယ်တစ်ချက်ရယ်လိုက်ကာ. . .

"ခြံထဲဆင်းလာတယ်ဆိုတော့ ပိုက်ဆံထည့်မလာလို့ပါကွာ"

ဟု ပြောလိုက်လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခီအရ 37

"မင်း က မြေပိုင်ရှင်ဖြစ်ပြီး ကိုယ်တိုင်လုပ်နေရသလားကွ၊ အလုပ်သမားလေးဘာလေး ငှားမထားဘူးလား"

"ပိုက်ဆံမရှိလို့ပေါ့ကွ"

"ဘယ်လို"

"အဲ. , . မဟုတ်ပါဘူး၊ ပိုက်ဆံအလကားကုန်တယ်လို့ ပြောတာပါ၊ ဒီလိုကွာ မင်းနားလည်အောင် ရှင်းပြရရင် ငါတို့ လုပ်ငန်းက အသီးသီးတဲ့အချိန်လောက်ပဲ အလုပ်သမား များများ စားစားလိုတာကွ၊ တခြားအချိန်တွေဆို သိပ်မလိုဘူး၊ တော်ရုံနဲ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



လောက်ကတော့ ငါတစ်ယောက်တည်း လုပ်လို့ရတယ်လေကွာ၊ အဟဲ အလုပ်ကလေးဘာလေးလုပ်တော့ ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့ မဟုတ်ဘူးလား"

အေးခန့်က ခေါင်းညိတ်ရ၏။ သူလည်း လိမ္မော်ခြံ အကြောင်း နားမလည်၍ အောင်ကြီးပြောတာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ နားထောင်နေရသည်။

အောင်ကြီးက ဆမူဆာတစ်ခုကောက်ကိုင်၍ ပလုပ်ပလောင်းစားလိုက်ကာ. . .

"ဒါပေမဲ့ မင်းပြောသလို ငါလည်း အလုပ်သမားငှားဖို့ စဉ်းစားထားပါတယ်၊ အရာအားလုံး ငါတစ်ယောက်တည်း လိုက်မလုပ်နိုင်ဘူးလေ သိတယ်မလား၊ အခုချိန်ကတော့ ပြဿနာမရှိဘူးပေါ့ ငါရှိနေလို့၊ ငါကလည်း တခြားကိစ္စတွေနဲ့ ဟိုသွားဒီသွားဆိုတော့ မင်းပြောသလို ငှားဖို့စဉ်းစားထားပြီးသားပါ"

ဟု မယုတ်မလွန်လေး ဆိုလိုက်လေသည်။ အေးခန့်က ဘာမှဆက်မမေးဘဲ ပြုံးကာနေသည်။ ထို့နောက် သူတို့ လက်ဖက်ရည်သောက်ပြီး ဆိုင်မှ ထွက်ခဲ့လိုက်ပါ၏။

လမ်းရောက်တော့ အောင်ကြီးက. . .

"မင်း စာမရေးသေးဘူးလား၊ ဘာဇာတ်လမ်းတွေရေးဖို့ စဉ်းစားထားလဲ"

အေးခန့်က ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပေါ့ကွာ"ဟု ပြောလိုက်လေသည်။

အောင်ကြီးက ဆက်ပြီး. . .

"ဒါနဲ့ မင်းကလောင်နာမည်က ဘာလဲ"

အေးခနဲ့ မျက်နှာတစ်ချက်ပျက်သွား၏။ ထို့နောက် ခပ်အေးအေးလေသံနှင့်. . .

"နောက်တော့ မင်းသိရမှာပေါ့"

"မင်းတို့စာရေးဆရာတွေက သိပ်လျှိုတာပဲနော်"

ဟု အောင်ကြီးက ဆိုလိုက်လေတော့သည်။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် အောင်ကြီး

ငါ့သမီးနဲ့ ငါ့တူမ မင်းဆီကိုလာလိမ့်မယ်။

လိမ္မော်ခြံနဲ့ ပတ်သက်တဲ့ကိစ္စအဝဝကို သူတို့ နားလည်သည်အထိ မင်းတာဝန်ယူပြီး သင်ပေးလိုက်ပါ။

သူတို့ကို အလိုမလိုက်နဲ့၊ မလိမ္မာတာရှိရင် ငါ့ဆီ ဖုန်းဆက်ပြီးတိုင်။

ဒါပဲ. . . ငါအားလုံးစိတ်ချမယ်။

မင်းရဲ့ဆရာ

အစ်

www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်။ ။ ကြာသပတေးနေ့ ညနေလေးနာရီ [illegible]ဆီတက်သွားကြပါ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အမိအရ 43

အောင်ကြီးက စာရွက်ကိုကိုင်ပြီး ဘီလူးသဘက်တစ်ကောင် သူ့ရှေ့မှာ ငုတ်တုတ်လာထိုင်နေသလို ကြောက်လန့်တကြား ကြည့်နေမိ၏။ ခဏကြာတော့ အကြောက်လွန်ပြီး မျက်လုံးက ကြောင်စီစီကြီး ဖြစ်သွား၏။

မကြောက်ခံနိုင်ရိုးလား။ ခြပိုင်ရှင်၏ သမီးနဲ့တူမက သူ့ဆီလာမည်ဟု ရေးထားခြင်းဖြစ်၏။ ရောက်လာရင်တော့ ငါးပါးတွေ မှောက်ကုန်ပြီ။ အေးခန့်ကို သူလိမ်ထားတာတွေ ပေါ်ကုန်တော့ မည့်အပြင် သူ့ဘဝတစ်သက်လုံး ပြောစရာဖြစ်ရပေတော့မည်။

"ရှင့်ကို အဲဒါကြောင့် ဖင်မနိုင်ဘဲ ပဲကြီးဟင်းမစားခိုင်းတာလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတာ၊ အခုတော့ ဘယ်လိုလုပ်မလဲ"

အောင်ကြီး ဘာစကားမှ မပြောနိုင်သေး၊ အေးဘုံကိုသာ အူကြောင်ကြောင်ကြီး ကြည့်နေမိလေသည်။

"ဖြေလေ. . . ကျွန်မပြောတာ မဖြေနိုင်တော့ဘူးမလား"

"င. . . င. . . ငါဘယ်လိုလုပ်ရမလဲ အေးဘုံ"

"သိဘူးလေ. . . ရှင်ပဲ ရှင့်ဇာတ်ရှင်နိုင်တယ်ဆို"

အောင်ကြီး ခေါင်းကိုကုတ်သည်။ လော့လောဆယ် သူ့ခေါင်းထဲမှာ ဘာအကြံဉာဏ်မှ မရှိသေးဘဲ ဟင်းလင်းကြီးဖြစ် နေ၏။

"ဒါနဲ့ အေးခန့်ရော"

အေးဘုံအသံကြားမှ အောင်ကြီးက ဖျတ်ခနဲ လှည့်ကြည့် တာ. . .

"မြို့ထဲခဏသွားဦးမယ်ဆိုပြီး ထွက်သွားတာပဲ"

"ဒါဆို သူပြန်လာရင် ရှင်အားလုံးဖွင့်ပြောလိုက်ပေါ့"

"ဘာတိုလဲ"

"ဘာတိုရမှာလဲ. . . ဒီမြေက ရှင့်မြေမဟုတ်ဘူးဆိုတဲ့ အကြောင်း ဖွင့်ပြောလိုက်ပေါ့"

"ဟာ. . . ဘယ်ဖြစ်မလဲဟ၊ ငါ့သိက္ခာ အရမ်းကျသွားမှာ ပေါ့"

"ဩော်. . . ရှင်က သိက္ခာရှိချင်သေးတာယ်ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ဟိုမှာ တကယ့်ခြံပိုင်ရှင်အစစ်က လာနေပြီလေ ရှင်ဘယ်လိုလုပ်မလဲ"

အောင်ကြီးက ခေါင်းကိုကုတ်၍. . .

"မသိဘူးဟာ"

"အေး. . . မသိနဲ့၊ မသိနဲ့၊ အခုထိမသိသေးနဲ့၊ ဟိုက မနက်ဖြန်ရောက်တော့မယ်၊ ရှင်က အခုထိမသိနဲ့ဦး၊ ပေမာန့် အကြောင်းလည်း ရှင်သိတဲ့အတိုင်း ဇတ်ဇတ်ကြဲ"

"ငါတို့ကိုတော့ ခင်ရှာပါတယ်ဟာ"

"ခင်တာခင်တာပဲလေ. . . ဒီကိစ္စမျိုးကိုတော့ ဘယ်လို သွားလိမ်လို့ရမလဲ"

အောင်ကြီး မှိုင်ကျသွားသည်။ ခဏကြာတော့ တစ်စုံ တစ်ခုကို ရုတ်တရက် သတိရသွားဟန်နှင့် ထိုင်ရာမှ ထခုန်ပစ် လိုက်လေသည်။

"ဟဲ့. . . ပုလုတ်တုတ် ဘာဖြစ်တာလဲ"

အောင်ကြီးက အားရဝမ်းသာနှင့် အေးဘုံရဲ့ပါးနှစ်ဖက်ကို ဆွဲလိမ်လိုက်ကာ. . .

"ငါအခုမှ သတိရတယ်၊ ပေမာန့်ကို ငါတို့ ဒီကိစ္စညှိလိုက် ရင် ရမှာပဲ"

"ရှင်က ဘယ်လိုသွားညှိမလို့လဲ"

"ငါ့အကြောင်းတွေကို ပြောပြလိုက်မှာပေါ့ဟ၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အကူအညီတောင်းမှာပေါ့"

"ဟိုကပေးရင် တော်သေးတာပေါ့၊ မပေးရင် ဘယ်လို လုပ်မလဲ"

အောင်ကြီးက စုတ်တစ်ချက်သပ်လိုက်ကာ. . .

"ဟေမာန်က ငါတို့ကိုခင်ပါတယ်ဟာ၊ သူပေးမှာပါ၊ ပြီးတော့ ဟိုကောင်ကလည်း ဒီမှာ တစ်သက်လုံးနေမှာမှ မဟုတ်တာ၊ ခဏတဖြုတ်လာနေတာပဲ"

"အေးပေါ့လေ. . . လုပ်ကြည့်ပေါ့၊ ဟင်း. . . ကျုပ်တော့ ရင်လေးသေးတယ်"

အေးဘုံက သက်ပြင်းချလိုက်ပါသည်။ အောင်ကြီးက ဟေမာန်နဲ့တွေ့ရင် ပြောမဲ့စကားများကို ယခုကတည်းက ခေါင်းထဲမှာ စီကာနေ၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ကား ပေါ်က ကြွကြွရွရွလေး ဆင်းလာသော မိန်းမပျို နှစ်ဦးကို တွေ့လိုက်တတည်းက အောင်ကြီးနဲ့အေးဘုံ အပြေးအလွှား သွားကြိုလိုက်သည်။ ထိုမိန်းမပျိုနှစ်ဦးက အောင်ကြီးနဲ့ အေးဘုံကို တွေ့သွားတော့ အားရဝမ်းသာစွာ နှုတ်ဆက်လိုက်၏။

ထို့နောက် အောင်ကြီးက အထုပ်တစ်ထုပ်ကို ကောက်ဆွဲလိုက်သည်။ အေးဘုံကလည်း မိန်းမပျိုတစ်ဦး လက်ထဲမှ အထုပ်တစ်ထုပ်ကို လှမ်းယူလိုက်၏။ ထိုမိန်းမပျိုက အားနာသွားသော အမူအရာနှင့် လက်ကာပြကာ. . .

“နေ့. . . နေ အစ်မ သမီးတို့နိုင်ပါတယ်၊ အစ်မက ပေါ့

www.burmeseclassic.com

www.burmeseclassic.com



မပါးကြီးနဲ့ဟာ"

"အမလေး. . . ရပါတယ်ညီမရယ်၊ အေးဘုံတို့က ဒီလောက်တော့ အပျော့ပါ"

"ကဲပါဟာ. . . ပေးပါ၊ ငါပဲ နှစ်ထုပ်လုံးသယ်ပါ့မယ်"

ပြောပြောဆိုဆိုနှင့် နှစ်ထုပ်လုံး လှမ်းယူလိုက်သည်။ ကောင်မလေးက အောင်ကြီး အထုပ်သယ်သွားတာကိုကြည့်၍

"ကိုအောင်ကြီးဆိုရင်တော့ ဆယ်ထုပ်ပဲသယ်သယ် မတားပါဘူးနော်"

ထိုကောင်မလေးစကားကြောင့် အားလုံးရယ်လိုက်ကြ၏။ ထို့နောက် အောင်ကြီးက ငှားလာတဲ့ကားပေါ် အထုပ်တွေတင်၍ ကောင်မလေးနှစ်ယောက်ဘက် လှည့်ကြည့်လိုက်ကာ. . .

"ကဲ. . . မြို့ကိုတန်းသွားမလား၊ ဘယ်သွားချင်သေးလဲ"

ကောင်မလေးနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ကြည့်ကြသည်။ ထို့နောက် တစ်ယောက်က. . .

"ဟောမာန်တို့ စတော်ဘယ်ရီဖျော်ရည် ကောင်းကောင်းလေး သောက်ချင်သေးတယ်၊ ပြီးမှ မြို့ကိုသွားတာပေါ့၊ အေးဆေး ပေါ့"

နောက်တစ်ယောက်ကလည်း ထောက်ခံသည့်သဘော နှင့်. . .

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခရီးပန်းလာတော့ စတော်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရှိအေးအေးလေး သောက်လိုက်ရရင် ရှယ်ပဲ"

"OK အဲဒါဆိုလည်း ကားပေါ်တက်"

အောင်ကြီးက ကားခေါင်းခန်းမှာ ဝင်ထိုင်လိုက်သည်။ ကောင်မလေးနှစ်ယောက်က အေးဘုံနဲ့အတူ အနောက်ခန်းမှာ ထိုင်၏။

အောင်ကြီးက ကားသမားဘက်ကြည့်၍. . .

"ထီးလှိုင်ကို အရင်မောင်းဗျာ၊ ပြီးမှ ခြံသွားတာပေါ့"

ကားဆရာက ခေါင်းညိတ်၍ မောင်းထွက်လိုက်ပါတော့၏။ အောင်ကြီးကတော့ ပြုံးပြုံး ပြုံးပြုံးနှင့် သူ့အတွေးနဲ့သူ ငြိမ်နေ၏။ ကောင်မလေးနှစ်ယောက်ကတော့ အေးဘုံနဲ့ စကားတွေပြောရင်း ပါလာကြလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ဟော မာန်က စတော်ဘာယ်ရီဖျော်ရည်ကို တစ်ငုံချင်း အရသာခံကာ သောက်နေသည်။ ဟောမာန့်အစ်မ တစ်ဝမ်းကွဲ ဖြစ်သူ စံပယ်ထွန်းကလည်း အေးဘုံနဲ့စကားပြောလိုက်၊ ဖျော်ရည်သောက်လိုက် လုပ်နေ၏၊ အားလုံးထဲတွင် အောင်ကြီး တစ်ယောက်သာ သူ့အတွေးနဲ့သူ ငြိမ်နေသည်။

အောင်ကြီးရင်ထဲမှာ ဟောမာန်ကို ဘယ်ကစပြောရင် ကောင်းမလဲ တွေးနေမိ၏။ စကားစကလည်း ရှာမရ၍ အကြပ်ရိုက်နေမိသည်။ သို့သော် မပြောဘဲလည်း မဖြစ်ပေ။ အခုအောင် လိမ္မော်ခြံမှာသုံးတဲ့ ပိုးသတ်ဆေးတွေ အကြောင်းပြ၍ ကိုကူအညီ

www.burmeseclassic.com

www.burmeseclassic.com



တောင်းသလိုလုပ်ကာ အေးခန့်ဆိုတဲ့ကောင်ကို မန္တလေးလွှတ်ထားရသည်။ ဒီကောင်မပြန်လာခင် ဟေမာန်နဲ့ သူနဲ့ကိစ္စက ပြီးမှဖြစ်မည်၊ နောက်မှဆိုလျှင် မလွယ်ပေ။

"ကိုအောင်ကြီး ဘာငိုင်နေတာလဲ သောက်လေ"

"ဟေ. . . အဲ. . . အေး. . . အေးပါဟာ"

"ဘာလဲ ကိုအောင်ကြီးက သမီးတွေ့လာတာ စိတ်ညစ်သွားလို့လား"

"ဟာ. . . မဟုတ်. . . မဟုတ်ပါဘူးဟာ၊ ငါက ဘာလို့စိတ်ညစ်ရမှာလဲ"

အောင်ကြီးက ဖျာဖျာသလဲငြင်း၏။ သို့သော် သူ့ပုံစံက တစ်စုံတစ်ခုကို ဖုံးကွယ်ပြီး ဟန်ချင်ယောင်ဆောင်နေမှန်း သိသာနေ၏။ ထို့ကြောင့် ဟေမာန်က အောင်ကြီးကို သေချာစိုက်ကြည့်လိုက်ကာ. . .

"ကိုအောင်ကြီး တစ်ခုခုဖြစ်နေပါတယ်၊ ဘာဖြစ်နေတာလဲဆိုတာတော့ သမီးမသိဘူး၊ ဒါပေမဲ့ တစ်ခုခုဖြစ်နေတယ်ဆိုတာတော့ အမှန်ပဲ"

ဟေမာန့်စကားဆုံးတော့ အေးဘုံက တစ်ချက်ပြုံးလိုက်သည်၊ ဟေမာန်က အေးဘုံပြုံးလိုက်တာကို မြင်သွား၍ ဖျတ်ခနဲလှည့်ကြည့်လိုက်ကာ. . .

"အစ်မပြုံးတယ်ဆိုကတည်းက တစ်ခုခုတော့ဖြစ်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်မလား အစ်မ၊ အင်း. . . ရှိနေတယ်ဆိုလည်း သမီးကို ပြောပြမှပေါ့၊ ဘာများလဲဟင်"

အေးဘုံက စကားဆုံးတော့ ဖြည်းညှင်းစွာ ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်. . .

"ရှိတယ် ညီမ၊ မင်းတို့အစ်ကိုက မင်းတို့ကို ပြောရမှာ ခက်နေတာ၊ ဒါပေမဲ့ သူ့မှာလည်း မင်းတို့ကိုမပြောရင်လည်း မပြီးဘူးဖြစ်နေတယ်"

"ဘာများလဲဟင်"

ဟေမာန်က စိတ်ဝင်တစားအမူအရာနှင့် အောင်ကြီးကို ကြည့်ကာဆို၏။ အောင်ကြီး ဒီတစ်ချက်တော့ သူ့မိန်းမအပေါ် ကျေးဇူးတော်တော်တင်သွားသည်၊ သူ့အနေနဲ့ဆို အစရှာမရ၍ တော်တော်နဲ့ပြောထွက်မှာ မဟုတ်သေး။ အခုတော့ အေးဘုံ စကားကြောင်းပေးသွား၍ သူ့အတွက် ဟန်ကျသွားလေသည်။

အောင်ကြီး စကားစပြောဖို့ တစ်ချက်ဟန်ပြင်လိုက်သည်။ ပြီးမှ. . .

"ဒီလို ငါ့ညီမရယ်၊ ဟိုဟာ ကိုယ့်. . . ကိုယ့်သူငယ်ချင်း တစ်ယောက် အခု ကိုယ့်ဆီရောက်နေတယ်၊ အဲဒါ သူက ဒီမှာ တစ်လလောက်တော့ကြာလိမ့်မယ်"

"ဪ. . . ဒါများကိုအောင်ကြီးရယ် ဘာဖြစ်လဲလို့"

"မဟုတ်သေးဘူး ညီမရဲ့၊ အကြောင်းက ဟို. . . အဲဟဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကိုယ်က အဲဒီလိမ္မော်ခြံကို ကိုယ်ပိုင်တယ်ပြောထားတာ"

"ရှင်"

ဟေမာန် မျက်လုံးပြူးကာ ထွက်သွား၏။ ရုတ်တရက်ဆိုတော့ ဘာပြန်ပြောလို့ ပြောရမှန်းမသိပင် ဖြစ်သွားလေသည်။ ထိုအချိန်တွင် အေးဘုံက ဝင်လိုက်ပြီး. . .

"ကြွား. . . ကြွား. . . ကြွားချင်တာလေညီမရယ်၊ သိတယ်မလား၊ ဟိုက သူ့သူငယ်ချင်းဆိုတာကလည်း သူ့ကိုယ်သူ စာရေးဆရာကြီးဆိုပြီး ပြောလိုက်တော့ သူကလည်း မခံချင်စိတ်နဲ့ ပြန်ကြွားခဲ့တာလေ၊ အခုတော့ ဟိုက တကယ်မှတ်ပြီး လိုက်လာတော့ အခုလိုခက်ကုန်တာပဲ"

အေးဘုံစကားကြောင့် ဟေမာန်က ကြောင်စီစီဖြစ်နေရာမှ ဟက်ခနဲ တစ်ချက်ရယ်ချလိုက်သည်။ ဟေမာန် ရယ်လိုက်ပြီး လိုက်တာ မြင်ရတော့မှ အောင်ကြီး သက်ပြင်းကို ဟင်းခနဲချမိလိုက်၏။

"ဒါနဲ့ ကိုအောင်ကြီး သူငယ်ချင်းက ဘယ်သူလဲ"

"အေးခန့်တဲ့"

"စာရေးဆရာဆိုတော့ ဘာကလောင်နာမည်နဲ့ ရေးတာလဲ"

"အဲ. . . ဟိုဟာ"

"အခုထိတော့ ဘာကလောင်လဲဆိုတာ အစ်မတို့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မသိရသေးပါဘူး ညီမရယ်၊ စာရေးဆရာတွေဆိုတော့လေ သိတယ်မလား လျှို့လျှို့ဝှက်ဝှက်နေတတ်တယ် ထင်ပါရဲ့"

ဟေမာန်က ပြုံးလိုက်သည်။ ထို့နောက် စပယ့်ကို ကြည့်၍ မျက်ခုံးလေးပင့်ပြကာ သက်ပြင်းချလိုက်၏။ စံပယ်ကလည်း ပြုံး၍ အောင်ကြီးတို့ကို လှည့်ကြည့်ကာ. . .

"သမီးတို့က ဝတ္ထုဆိုပေါင်းစုံဖတ်ဖူးတယ်၊ မိန်းကလေး စာရေးဆရာတို့ ယောကျ်ားလေးစာရေးဆရာပါ အကုန်ဖတ်တယ်၊ စာရေးဆရာတွေနဲ့ပတ်သက်ရင် နာမည်ကြီးရော၊ နာမည်လတ်ရော၊ နာမည်မရှိတရှိရော အကုန်သိတယ်၊ အဲဒါကြောင့် မေးကြည့်တာ"

"သူက နောက်တော့သိရမှာပေါ့လို့ ပြောတာပဲညီမရယ်"

ထိုစကားကို အောင်ကြီးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ အောင်ကြီးစကားဆုံးတော့ ဟေမာန်က. . .

"သမီးတို့နဲ့တွေ့ရင်တော့ ဒီစာရေးဆရာ ဘယ်သူလဲဆိုတာ ပေါ်ကိုပေါ်မှာပဲ စိတ်ချ"

အောင်ကြီးက အားရဝမ်းသာ ခေါင်းညိတ်ပြလိုက်၏။

"ဖော်စမ်းပါ၊ ဖော်စမ်းပါ၊ ဖော်ပစ်လိုက်စမ်းပါညီမရယ်၊ အဟဲ. . . ဟဲ. . . အဲ. . . ဒါပေမဲ့ ကိုအောင်ကြီးကိစ္စကိုတော့ ကူညီဦးနော်"

အောင်ကြီးက မျက်နှာချိုသွေးလိုက်သည်။ ဟေမာန်က

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ အရေးမထားတဲ့အမူအရာနဲ့ စတော်ဘယ်ရီတစ်ဖွန်း ကောက်သောက်လိုက်၍. . .

"အဟီး. . . ဟီး"

အောင်ကြီးက ရှက်ကိုးရှက်ကန်းကြီးနှင့် သွားဖြဲပြ၏။ ဟေမာန်က စကားကိုဆက်သည်။

"ဒါဆို သမီးတို့နှစ်ယောက်ကို ဘယ်သူတွေလို့ပြောမလဲ"

"အေးဘုံရဲ့ ညီအစ်မဝမ်းကွဲလေးတွေလို့ ပြောလိုက်မှာပေါ့"

အောင်ကြီးက ထိုစကားကို မဆိုင်းမတွပင် ဝင်ပြောလိုက်သည်။

ဟေမာန်နဲ့ စံပယ်က အေးဘုံကိုကြည့်၍ အောင်ကြီးဘက် ပြန်လှည့်လိုက်ကာ. . .

"သူက ယုံပါ့မလား"

"ယုံပါတယ်ညီမရယ်. . . အေးဘုံရဲ့ ဆွေမျိုးတွေလည်း ရန်ကုန်မှာရှိတာပဲဟာ၊ ပြီးတော့ သူမယုံရအောင်လည်း အေးဘုံတို့ ဆွေစဉ်ခုနစ်ဆက် မျိုးစဉ်ခုနစ်ဆက်ကို သူမှမသိတာ"

ဟေမာန် တစ်ချက်စဉ်းစားလိုက်သည်၊ စဉ်းစားနေစဉ် မေးစေ့ကို တစ်ချက်နှစ်ချက် ပွတ်၏။ အောင်ကြီးက ဟေမာန်ဆီက ထွက်ကျလာမဲ့စကားကို ပါးစပ်အဟောင်းသားလေးနှင့် ငေးကာ စောင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## 56

တော်တော်လေးကြာတော့မှ ဟေမာန်က. . .

"ကောင်းပြီလေ. . . သမီးဘက်က ဒီလောက်ကလေး လုပ်ပေးရတာ ဘာမှဖြစ်မသွားပါဘူး၊ အဲ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ဒါပေမဲ့ ဘာဖြစ်လဲဟင်"

"ကိုအောင်ကြီးဘက်က သမီးကို တစ်ခုပြန်လုပ်ပေးရမယ်"

"ဘာ. . . ဘာလုပ်ပေးရမလဲ ပြောလေ ညီမ"

အောင်ကြီးက ဒရောသောပါးမေး၏။ ဟေမာန်က. . .

"ဖေဖေမေးရင် သမီး ဒီမှာ လိမ်လိမ်မာမာနေတယ်လို့ ပြောပေးရမယ်"

အောင်ကြီးက ခေါင်းဆတ်ခနဲညိတ်၍. . .

"ပြောပေးမယ် စိတ်ချ"

"ပြီးတော့ သမီးကို လိမ္မော်ခြံနဲ့ ပတ်သက်လို့ ဘာအလုပ်မှ ပင်ပင်ပန်းပန်း မခိုင်းရဘူး"

"မခိုင်းဘူး စိတ်ချ၊ အဲ ဒါပေမဲ့ စာရင်းဇယားအပိုင်းလေးနဲ့ စာတွေအပိုင်းလေးတော့ ပြောပြပါရစေ၊ တော်ကြာ ညည်းအဖေ ကျုပ်ဆရာကမေးရင် ညည်း ဘာမှမဖြေနိုင်ဘဲနေဦးမယ်"

ဟေမာန် ထိုအချက်ကို ခပ်တွေတွေလေးလုပ်ပြီး စဉ်းစား နေသည်။ တော်တော်လေးကြာသည်အထိ ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ လုပ်နေ၍ အောင်ကြီးက. . .

www.burmeseclassic.com

www.burmeseclassic.com

## အမိအရ 57

"ရပါတယ်ဟာ. . . ဒါလည်းအရေးမကြီးပါဘူး၊ ဘာမှ ခက်တဲ့အရာတွေမှ မဟုတ်တာ"

ဟု လျှောချလိုက်လေသည်။ ထိုအခါကျမှ ဟောမာန်က ခေါင်းညိတ်၍. . .

"ဒါဆိုလည်း ပြီးရောလေ၊ ကိုယ့်ကတိ ကိုယ်တည်နော်"

"အေးပါဟာ. . . တည်ပါတယ်၊ ဒါနဲ့ နင့်ဘက်ကရော"

"စိတ်ချ. . . ဟောမာန်တို့ဘက်က ရယ်ဒီပဲ"

ဟောမာန်က လက်မထောင်ကာ ဆိုလိုက်၏။ စံပယ်က လည်း လက်မလိုက်ထောင်ကာ. . .

"တို့လည်း ဟောမာန်နဲ့အတူတူပဲ"ဟု ဆိုလိုက်လေတော့ သည်။

အောင်ကြီး အခုမှ ရင်ထဲကအလုံးကြီး ပြုတ်ကျသွားပါ တော့၏။

"ဒါနဲ့ ကိုအောင်ကြီးသူငယ်ချင်းက အခုဘယ်မှာလဲ"

"မန္တလေးကို ကိစ္စတစ်ခုအကြောင်းပြပြီး လွှတ်ထားတယ်"

"ဘယ်တော့ပြန်လာမှာလဲ"

"မနက်ဖြန်မနက်"

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



နိုနက်စောစောမို့ နှင်းမှုံတွေမကွဲသေး။ အေးခန့်တ မန္တလေးမှ မနက်စောစော ကားစီးလာသောကြောင့် မြင့်ဦးလွင် သို့ ခပ်စောစောလေး ရောက်နေသည်။ မြင့်ဦးလွင်ရောက်မှ မနက် စာစားမည်ဟု ဆုံးဖြတ်ထားသောကြောင့် နာရီစင်နားက လက်ဖက်ရည်ဆိုင်တစ်ခုသို့ဝင်၍ နွားနို့နှင့် ပဲပလာတာ ဝင်စားသည်။ စားပြီးသွားတော့ မြို့ပြန်ရန် ဆိုင်ကယ်ကယ်ရီဂိတ်သို့ ထွက်လာခဲ့၏။ ပထမတစ်ခါလာတုန်းက မြင်းလှည်းသမား လူလည်ကျသွား၍ ဒီတစ်ခါ မြင်းလှည်းမစီးတော့ဘဲ ဆိုင်ကယ်စီး

www.burmeseclassic.com

www.burmeseclassic.com



ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ကယ်ရီဂိတ်ရောက်တော့ ဆိုင်ကယ်သမားလေးကို လိပ်စာပြောလိုက်သည်။ ဆိုင်ကယ်သမားလေးက လိပ်စာကို နားထောင်၍ ကျသင့်ငွေကို ပြောလိုက်၏။ အေးခန့်က. . .

"ဈေးကိုမဆစ်တော့ဘူး၊ ဒါပေမဲ့ အိမ်ရှေ့အထိ လိုက်ပို့ပေးနော်"

"အိမ်ရှေ့အထိတင်မကဘူး အိမ်ထဲအထိပါ ချိုပို့ဆိုပို့ပေးပါ့မယ်ဗျာ"

ဆိုင်ကယ်သမားလေးက ရယ်ဖြဲဖြဲနှင့် ပြန်နောက်လိုက်တော့ အေးခန့် သဘောကျသွားကာ ဆိုင်ကယ်နောက်ခုံသို့ တက်ထိုင်လိုက်တော့၏။ ထို့နောက် ဆိုင်ကယ်မောင်းထွက်သွားပါတော့၏။ နာရီဝက်လောက်ကြာတော့ မြို့ပြင်ဘက်သို့ ရောက်လာသည်။ ခြံသို့သွားမည့် မြေနီလမ်းလေးထိပ်ရောက်တော့ လမ်းထဲသို့ ဆိုင်ကယ်ကို ချိုးဝင်လိုက်၏။ ဆိုင်ကယ်သမားလေးက သူပြောသည့်အတိုင်း ခြံရှေ့အထိ လိုက်ပို့ပေး၏။ အေးခန့်လည်း ကျသင့်ငွေကိုရှင်းကာ ခြံထဲသို့ အသာဝင်ခဲ့လိုက်တော့၏။

ခြံထဲတွင် လူခြေတိတ်ဆိတ်ကာနေသည်။ အောင်ကြီးတို့ ခြံထဲဆင်းသွားတာဖြစ်လိမ့်မည်ဟု တွေးကာ အိမ်ထဲသို့ ဟထားသည့်တံခါးမှ အသာတွန်းဝင်ခဲ့လိုက်ပါတော့သည်။ အိမ်ထဲရောက်တော့ အိမ်နောက်ဖေးဘက်မှ အသံကြား၍ အေးဘုံဖြစ်လိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com

## ၈

## ဆိုးအတက်လင်းထက်

ဟုတွေးကာ မီးဖိုချောင်ဘက်ကနေဖြတ်၍ ဆင်းလာခဲ့သည်။ မီးဖိုချောင်ထဲရောက်တော့ အိမ်အနောက်ဖက်တံခါးမှ အပြင်လှမ်းကြည့်လိုက်စဉ် အေးခန့် မျက်မှောင်ကြုတ်ကာသွားသည်။ ထို့နောက် တံခါးနား အသာကပ်၍ အပြင်သို့ ချောင်းကြည့်လိုက်၏။ အပြင်ခြံကွက်လပ်မှာ စိုက်ထားသော နှင်းဆီပန်းခင်းထဲတွင် ကောင်မလေးတစ်ယောက်။ ပန်းဝင်ခိုးတာပဲ ဖြစ်လိမ့်မည်ဟုတွေးလိုက်ကာ အိမ်အပြင်သို့ အသာထွက်လိုက်ပါတော့သည်။

ကောင်မလေးက သူရောက်နေတာကို သိပုံမရ။ နှင်းဆီပန်းတွေကို စိတ်ကြိုက်ခူးကာ ပျော်ရွှင်နေလေသည်။ အေးခန့်လည်း အနောက်က ခြေသံလုံအောင် အသာလေးကပ်သွားပြီး ကောင်မလေးလက်ကို အမိအရ ဖမ်းဆွဲလိုက်ကာ. . .

"ဟိတ်. . . ဒါဘာလုပ်နေတာလဲ၊ ပန်းသူခိုး. . . ပန်းသူခိုး မိပြီ"

"အမလေး ပလုတ်တုတ်"

ရုတ်တရက်ဆိုတော့ ကောင်မလေး တော်တော်လန့်သွားကာ အနောက်ဘက်သို့ ခုန်ဆုတ်လိုက်စဉ် မြေကြီးခဲတစ်ခုနှင့် တိုက်မိပြီး ခွေခနဲလဲကျသွားပါတော့သည်။ အေးခန့်ကလည်း သူမလက်ကိုဆွဲထားသောကြောင့် အရှိန်နဲ့ သူမကိုယ်ပေါ်သို့ ဖုတ်ထိုးကြီး လဲကျသွားပါတော့၏။

"ဝရော. . . ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com

## ၈

## အမိအရ

ကောင်မလေးက ပက်လက်အနေအထားမှ သူမကိုယ်ပေါ်သို့ ရုတ်တရက် လဲကျလာသော အေးခန့်ကို ကြောင်ကာ ကြည့်နေမိ၏။ ယောကျ်ားတစ်ယောက် သူမကိုယ်ပေါ်သို့ ရုတ်တရက်ကြီး လဲကျလာသောကြောင့် ကြောင်အန်းအန်းဖြစ်သွားသော်လည်း ခဏကြာတော့ သတိပြန်ဝင်လာကာ အေးခန့် ခန္ဓာကိုယ်ကို အားနဲ့ တွန်းဖယ်လိုက်တော့၏။ အေးခန့်လည်း ကြောင်တောင်တောင် ဖြစ်နေရာမှ ကောင်မလေး တွန်းဖယ်လိုက်သောကြောင့် ဘေးသို့ တစ်ပတ်လည်ကာ ပြုတ်ကျသွားသည်။

ထို့နောက် နှစ်ယောက်စလုံး မြေပေါ်မှ လူးလဲထကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။ ကောင်မလေး မျက်နှာတစ်ခုလုံးမှာ ရှက်စိတ်ကြောင့် ရဲတက်နေကာ ဒေါသကြောင့်လည်း နှုတ်ခမ်းက တဆတ်ဆတ်တုန်ကာနေ၏။ ထို့နောက် သူမလက်တစ်ဖက်သည် ရုတ်တရက် မြောက်တက်သွားကာ အေးခန့်၏ ပါးတစ်ဖက်ပေါ်သို့ အရှိန်နှင့် ပြုတ်ကျသွားပါတော့သည်။

"ဖြန်း"

ရုတ်တရက် မြန်ဆန်လွန်းသောကြောင့် အေးခန့် မရှောင်လိုက်နိုင်။ သူ့ကိုယ်သူ ဘာမှန်းညာမှန်း မသိလိုက်ခင်မှာပင် ပါးတစ်ခြမ်းလုံး ပူကာသွားပြီး ညာဘက်သို့ ချာခနဲ လည်ထွက်သွားပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## ၉ မိုးအကဲလင်းထက်

"ဟင်. . . မင်း. . မင်း ဒါဘာလုပ်တာလဲ"

အေးခန့်အမေးကို ကောင်မလေးကလည်း မီးဝင်းဝင်း တောက်နေတဲ့ မျက်လုံးများနဲ့ကြည့်ကာ. . .

"ပါးရိုက်လိုက်တာလေ မမြင်ဘူးလား၊ ကျွန်မကို ကိုယ်ထိလက်ရောက် စော်ကားတဲ့အတွက် ပါးရိုက်လိုက်တာ"

"ဘာ"

"ဟုတ်တယ်၊ ရှင်ဘာလုပ်လိုက်တယ်ဆိုတာ ရှင့်လုပ်ရပ် ရှင်သိမှာပေါ့"

အေးခန့်ခမျာ ဒေါသလည်းထွက်၊ ပါးလည်း အသားလွတ်ကြီး စော်ခံလိုက်ရသောကြောင့် ဘာပြန်ပြောလို့ ပြောရမှန်းမသိ၊ ထို့ကြောင့် ကောင်မလေးကိုသာ မျက်လုံးကြီးပြူးပြီး ကြည့်နေမိတော့၏။ နောက်တော့မှ လက်ညှိုးကြီးငေါက်ငေါက်ထိုးကာ ဒေါသတကြီးအသံနှင့်. . .

"မင်း. . . မင်း မင်းကများ ငါ့ကိုပြောရသေးတယ်၊ မင်းလို သူခိုးက ငါ့ကိုပြန်ပြောတယ်ဟုတ်လား၊ ပါးလည်း ပြန်ရိုက်တယ် ဟုတ်လား"

"ဘာ. . . သူခိုး ဟုတ်လား၊ ဘယ်သူက သူခိုးလဲ"

ကောင်မလေးကလည်း ဒေါသတကြီး မျက်လုံးပြူးနှင့် ပြန်မေး၏။ အေးခန့်က. . .

"မင်းပေါ့. . . မင်း ငါတို့ခြံထဲ ပန်းတွေဝင်ခိုးနေတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား၊ အဲဒါ သူခိုးပေါ့"

ထိုအချိန်တွင် သူတို့နှစ်ယောက် စကားသံတွေ ဆူညံလာ၍ အိမ်ပေါ်ထပ်မှ ကောင်မလေးတစ်ယောက် အောက်ထပ်သို့ ပြေးဆင်းလာကာ ခြံထဲဆင်းလာ၏။ အိပ်မှုံစုံမွှားမျက်နှာနှင့် အေးခန့်တို့ကိုကြည့်ကာ. . .

"ဘာဖြစ်နေကြတာလဲ ဟေမာန်ရယ်၊ အော်ကြီး ဟစ်ကျယ်နဲ့"

"ဘာဖြစ်ရမှာလဲ. . . ဒီလူပေါ့ ဘာမပြောညာမပြောနဲ့ ငါ့လက်ကို အသားလွတ်လာဆွဲပြီး သူခိုးလို့ စွပ်စွဲနေလို့"

"နေစမ်းပါဦး. . . ရှင်ကဘယ်သူလဲ"

အေးခန့်လည်း ထိုကောင်မလေးနှစ်ယောက်ကို ကြည့်၍ နည်းနည်းတော့ တွေဝေသွား၏။ သူမရှိသည့် တစ်ရက်အတွင်း အိမ်မှာ တစ်ခုခုပြောင်းလဲနေပြီဆိုတာတော့ သဘောပေါက်လိုက်သည်။ ကောင်မလေးတွေ ကြည့်ရတာလည်း ရုပ်ရည်သန့်သန့်ပြန့် ပြန့်လေးတွေနှင့် သူထင်သလို သူခိုးတွေတော့ မဖြစ်နိုင်။ ပြီးတော့ ပြောနေဆိုနေပုံကလည်း ရဲရဲတင်းတင်းနှင့် ပိုင်ပိုင်နိုင်နိုင်ရှိလှ၍ အောင်ကြီးတို့နှင့် တစ်ခုခုပတ်သက်နေတာတော့ သေချာနေပြီ ဖြစ်၏။ ဘယ်လိုပတ်သက်နေလဲဆိုတာသာ သူမသိခြင်းပင် ဖြစ်သည်။ သို့သော် အသားလွတ် ပါးတစ်ချက်ရိုက်ခံလိုက်ရသော ကြောင့် ဒေါသကတော့ မပြေသေး။

www.burmeseclassic.com

www.burmeseclassic.com

## 64 ဗိုးသတ်လင်းထက်

ထိုအချိန်တွင် အောင်ကြီးတစ်ယောက် ပေါက်တူးထမ်း၍ သူတို့အနားသို့ အူရားဖားရား ရောက်လာသည်။ သူတို့ပြဿနာတက်သည့်ဇာတ်လမ်းကို သိသွားတော့ အောင်ကြီးက သူ့နှုတ်ဖူးသူ ရိုက်လိုက်ကာ. . .

"သေလိုက်ပါတော့ကွာ. . . အချက်မသိတော့ သမက်သူခိုးထင်ဆိုတာ ဒါမျိုးပဲဖြစ်မယ်ထင်တယ်၊ ဒါက အေးဘုံရဲ့ ညီမ ဝမ်းကွဲတွေကွ၊ ဒါက ဟေမာန်တဲ့၊ ဒါက စံပယ်လို့ခေါ်တယ်၊ ဒါက တော့ နင်တို့ကိုငါပြောထားတဲ့ ငါ့သူငယ်ချင်း အေးခန့်တဲ့"

"ဟာင်"

"ရှင်"

ထိုတော့မှ တစ်ယောက်နဲ့တစ်ယောက် တအံ့တသြ ကြည့်မိသည်။ ခဏနေတော့ ကောင်မလေးနှစ်ယောက်က မြေပေါ်ပြန့်ကျဲနေသည့် နှင်းဆီပန်းတွေကို ကောက်ယူ၍ အိမ်ထဲဝင်သွားကြ၏။ အေးခန့်က ဘယ်ဘက်ပါးလေးကို ပွတ်ရင်း ကျန်ခဲ့လေသည်။ သူနဲ့ပြဿနာတက်သည့် ကောင်မလေးနာမည်ကိုတော့ ဟေမာန်ဆိုတာ မှတ်မိလိုက်၏။ ဆတ်ဆတ်ကျဲနှင့် တော်တော်လေးစွာမည့် ကောင်မလေးဟု မှတ်ချက်ချမိလိုက်ပါတော့၏။

အောင်ကြီးက အေးခန့်ကိုကြည့်ကာ ခေါင်းကုတ်လိုက် ရင်း. . .

"မင်းကတော့ ဖြစ်ရမယ်၊ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

## အမိအရ ၆

အေးခန့်ကလည်း လှည့်ကြည့်၍. . .

"ငါမှမသိတာကွ"

"ထားပါတော့ကွာ. . . ဒါနဲ့ အေးဘုံကိုမတွေ့ဘူးလား"

"ငါရောက်လာကတည်းက သူတစ်ယောက်ပဲ စတွေ့တာ"

"တောက်. . . ဒီမိန်းမ ဈေးတစ်ခါတစ်ခါသွားရင် စူဠလိပ် ရေထဲလွှတ်လိုက်သလိုပဲ"

အောင်ကြီးက သူ့မိန်းမကို စိတ်ဆိုးဟန်ပြလိုက်တော့ အေးခန့်က. . .

"အပိုတွေလုပ်မနေစမ်းပါနဲ့ကွာ၊ ဟိုကလာရင် နားရွက်တောင် လှုပ်ရဲတဲ့ကောင် မဟုတ်ဘဲနဲ့"

အောင်ကြီးက ရယ်ကျဲကျဲနှင့် အေးခန့်ပခုံးကို ဖက်လိုက်ကာ. . .

"မင်းကတော့ ပြောတော့မယ်"

"မင်းကရော မဟုတ်လို့လား"

"ဟီး. . . ဟီး ချစ်တာကိုးကွ"

"ဟွန်း"

"ဒါနဲ့ ငါဝယ်ခိုင်းတဲ့ ပစ္စည်းတွေပါလား"

"မင်းပြောတဲ့ ပိုးသတ်ဆေးတစ်မျိုးက လွဲပြီး ကျန်တာအကုန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့နှစ်ယောက် အိမ်ထဲလှမ်းဝင်လိုက်ကြပါတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အစိအရ ၆၇

ပါး တစ်ဖက်က မို့ကာရဲနေသည်။ ပါးတင်လားဆို တော့ မဟုတ်။ အားနဲ့လွဲရိုက်ခံထားရတဲ့ ဒဏ်ကြောင့် အံသွားအောက်က သွားဖုံးကပါ ရဲပြီးယောင်နေ၏။ ထို့ကြောင့် မနက်က လက်ဖက် ရည်ဆိုင်အသွားတွင် စမူဆာတောင် မစားနိုင်ဘဲ လက်ဖက်ရည် ပဲ သောက်ခဲ့ရ၏။ အိမ်ရောက်တော့ အောင်ကြီးက သူ့ပါးကိုကြည့် ၍. . .

"ငါတို့ဆီက ရှမ်းမလေးတွေ ပါးအို့ရဲတယ်ဆိုတာ မင်းကို ဘယ်မီမလဲ အေးခန့်ရ အဲ. . . ဒါပေမဲ့ တစ်ခုတော့ရှိတယ် သူတို့ တာ နှစ်ဖက်စလုံးရဲတာ၊ မင်းက တစ်ဖက်ထဲရဲတာ"

www.burmeseclassic.com

## ၆၈

## မိုးသောက်လင်းထက်

"မင်းပြောသလိုဆို ငါက နှစ်ဖက်ညီသွားအောင် နောက်တစ်ဖက်ပါ ထပ်ရိုက်ခံပေးရမလို ဖြစ်နေပြီ"

"မင်းကလည်း ဖြစ်နိုင်ရင် အရိုက်ခံချင်နေတာမလား"

"နေစမ်းပါကွာ. . . အခုတစ်ဖက်တည်းတောင် စမူဆာ မစားနိုင်လို့ လက်ဖက်ရည်ပဲ သောက်ခဲ့ရတယ်၊ နောက်တစ်ဖက်ပါဆို ဆန်ပါပြုတ်သောက်နေရမယ်"

အောင်ကြီးက တဟားဟားရယ်လိုက်၏။ ထို့နောက် အေးခန့်ကိုကြည့်၍. . .

"ငါနဲ့ခြံထဲလိုက်မလား၊ ပိုးသတ်ဆေးသွားဖြန်းမလို့"

အေးခန့်လည်း အိမ်မှာ တစ်ယောက်တည်းကျန်ခဲ့ရတာ ထက်စာရင် အောင်ကြီးပြောတဲ့ အစီအစဉ်က သင့်တော်၍ ခေါင်းညိတ်လက်ခံလိုက်၏။ ထို့နောက် အောင်ကြီးကို ကူညီပေးသည့်အနေနှင့် ပိုးသတ်ဆေးဗူးတွေ ဝိုင်းထမ်းပေးရင်း ခြံထဲသို့ ထွက်ခဲ့လိုက်ပါတော့သည်။ ခြံထဲတွင် လိမ္မော်ပင်လေးများက နှင်းမှုံတွေ တလက်လက်နှင့် သူတို့ကို စောင့်ကြိုနေ၏။ ပတ်ဝန်းကျင်မှ တိုက်ခတ်လာသော လေနုအေးက, အရပ်လေးမျက်နှာကို ဖြန့်ကျက်ကာထားသည်။ အေးခန့်က အေးမြလတ်ဆတ်သော လေကို တဝရှူလိုက်ရင်း အားရပါးရ မှုတ်ထုတ်လိုက်၏။ အေးမြသော ပတ်ဝန်းကျင်နှင့် စိမ်းလန်းသော ရှုခင်းများကြောင့် ငေးကိုက်သည့်ဝေဒနာတစ်ဝက် သက်သာသွားသလို ထင်လိုက်မိသည်။

www.burmeseclassic.com



ထို့နောက် သူ့ကိုရိုက်သွားသည့် ဟေမာန်ဆိုသည့် ကောင်မလေး ကို သတိရလိုက်မိပါတော့သည်။

အောင်ကြီးကို မေးမလို့လုပ်ပြီးမှ မမေးဖြစ်တော့ပေ။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“သူတို့က ဒီကိုအလည်လာတာလားဟင်”

အေးခန့်က ပိုးသတ်ဆေးရည်တွေကို ဖြန်းတဲ့ပုံးထဲ ငှဲ့ထည့်ပေးနေရာမှ အောင်ကြီးကို လှမ်းမေးလိုက်သည်။ အောင်ကြီးက နေလောင်ထားသည့် အရွက်ရင့်များကို ကပ်ကြေး တစ်လက်ဖြင့် လိုက်ဖြတ်နေရာမှ အေးခန့်ဘက်သို့ လှည့်ကြည့် ၍...

“ဘယ်သူတွေလဲ”

“ဘယ်သူရှိရမှာလဲကွာ. . . မင်းမိန်းမညီမတွေကိုပြော တာ”



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးက. . .

"ဟုတ်တယ်. . . သူတို့အစ်မ မွေးကာနီးဖွားကာနီးမို့လို့ လာကြည့်တာတဲ့"

အေးခန့်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ ထို့နောက် ဆေးဖြန်းပုံးကို ပိတ်ကာ အောင်ကြီးနောက်ကျောတွင် လွယ်ပေးလိုက်၏။ အောင်ကြီးက လိမ္မော်ပင်တွေကို ဆေးလိုက်ဖြန်းနေစဉ် အေးခန့်က နောက်က အသာလိုက်ကြည့်၏။

"မင်းက ဆေးဖြန်းတာလည်း ကိုယ်တိုင်ပဲ၊ မြေရှင်းတော့လည်း ကိုယ်တိုင်ပဲ၊ ပေါင်းသင်မြက်နုတ်တော့လည်း ကိုယ်တိုင်ပဲ အလုပ်သမားလေးဘာလေး ငှားပါဆို"

"ငါက ခြံစိုက်ရတာ ဝါသနာပါလို့ ကိုယ်တိုင်လုပ်တာပေါ့ကွ၊ တစ်ယောက်တည်းလည်း နိုင်နေတာပဲဟာ၊ မနိုင်ရင် ငှားမှာပေါ့"

"လိုအပ်ရင် မင်းခယ်မတွေ အားနေတာပဲ ခိုင်းပါလား"

"ဘယ်မှာလဲ ငါ့ခယ်မတွေ"

ရုတ်တရက်ဆိုတော့ အောင်ကြီးက ကြောင်တောင်တောင်ဖြစ်သွား၍ ပြန်မေးလိုက်ခြင်းဖြစ်၏။ အေးခန့်က. . .

"မင်းမိန်းမရဲ့ ညီမတွေကိုပြောတာ"

ဟု ဆိုလိုက်မှ 'ဪ'ဟု တစ်ချက်ပြော၍. . .

"နေပါစေကွာ. . . သူတို့က တစ်ခါတလေလာတဲ့

www.burmeseclassic.com



ညည့်သည်ပဲ မခိုင်းပါဘူး၊ ပြီးတော့ မြို့သူတွေဆိုတော့ ဒီလိုအလုပ်ကြမ်းလည်း လုပ်တတ်မယ်မထင်ပါဘူး"

အေးခန့်က ပြုံးလိုက်၍ 'ဒါတော့ဟုတ်တယ်ကွ'ဟု ထောက်ခံလိုက်၏။

ထိုအချိန်တွင် ပေမာန်နဲ့ စံပယ် သူတို့နားသို့ ရောက်လာလေသည်။ သူတို့အလုပ်လုပ်နေတာတွေ တွေ့တော့. . .

"ကိုအောင်ကြီးတို့ ဘာတွေလုပ်နေတာလဲ"

ပေမာန်က မေးလိုက်၏။ အောင်ကြီးက မဖြေခင် အေးခန့်ကဝင်၍. . .

"ပိုးသတ်ဆေး ဖြန်းနေတာလေ"

ပေမာန်က အေးခန့်ကို လှမ်းကြည့်၍ မျက်စောင်းတစ်ချက်ထိုးလိုက်၏။ ဘာမှတော့မပြော။ အောင်ကြီးက ပေမာန်တို့ကိုကြည့်၍. . .

"ညီမတို့ အိမ်ပေါ်မှာနေရတာ ပျင်းလို့ဆင်းလာတာ ထင်တယ်"

"ဟုတ်တယ်၊ အဲဒါ ခြံထဲမှာ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်လုပ်မလို့"

"ဒါဆိုလည်း ဒီနားမှာရှိနေတဲ့ မြက်ကလေးတွေ လိုက်နှုတ်ပေးပါလား"

ထိုစကားကို အေးခန့်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးက အေးခန့်ကို မျက်လုံးပြူး၍ ကြည့်၏။ ဟေမာန်က အေးခန့်ကို ဒုတိယအကြိမ် မျက်စောင်းလှမ်းထိုးလိုက်လေသည်။ ထို့နောက် အောင်ကြီးဘက် လှည့်ကြည့်၍. . .

"ဟိုဘက်ထဲ လျှောက်ကြည့်လိုက်ဦးမယ်"

"သွား. . . သွား ဒါပေမဲ့ ဟိုးဘက်ခြံအစွန်ဘက်တော့ မသွားနဲ့နော်၊ အဲဒီဘက်မှာ ချောက်တွေရှိတယ်"

"အင်းပါ"

ဟုဆိုကာ ဟေမာန်နဲ့စံပယ်တို့နှစ်ယောက် ထွက်သွားကြလေသည်။ သူတို့တွေ ခပ်လှမ်းလှမ်းရောက်သွားတော့မှ အောင်ကြီးက. . .

"မင်းကလည်း မထိတထိ သွားသွားမစနဲ့လေ၊ တော်ကြာ ပြဿနာတက်နေဦးမယ်"

"ဘာလဲ. . . မင်းက မင်းခယ်မတွေမို့လို့ နာတာလား"

"ငါက ပြဿနာတက်မှာစိုးလို့ ပြောတာပါကွာ"

"ဟိဟိ. . . ငါကလည်း သူတို့ကိုကြည့်ပြီး စချင်သွားလို့ ပါကွာ"

အောင်ကြီးက သက်ပြင်းကိုချ၍ ဆေးဆက်ဖြန်းနေပါတော့သည်။ အေးခန့်တစ်ယောက်သာ ကောင်မလေးတွေ သွားတဲ့ဘက်သို့ ကွက်ကြည့်ကွက်ကြည့်နှင့်. . .။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အေးခန့်က နည်းနည်းနောက်ကျမှ နိုးသည်။ ပထမတော့ သူသည် အပေါ်ထပ်အခန်းမှာ အိပ်ရသည်။ ဟေမာန်နဲ့ စံပယ်တို့ ရောက်လာပြီးနောက်ပိုင်းတော့ အောက်ထပ်မှာ ပြောင်းအိပ်ရ၏။ ကောင်မလေးနှစ်ယောက်က အေးဘုံနဲ့ အပေါ်ထပ်မှာ အိပ်သည်။ အောင်ကြီးက အောက်ထပ်က ယခင် သူတို့လင်မယားအိပ်နေတဲ့ အခန်းမှာပဲ အိပ်၏။

အေးခန့် နိုးလာတော့ ညီခန်းမှာ ကောင်မလေး နှစ်ယောက် ထိုင်နေတာ တွေ့လိုက်ရသည်။ အေးခန့်က ပြုံးပြတော့ စံပယ်က. . .

www.burmeseclassic.com

www.burmeseclassic.com



"အခုမှနိုးတာလား"

အေးခန့်က ခေါင်းညိတ်ပြ၍ ပောမာန့်ကို လှမ်းကြည့်၏။ ပောမာန်က ခပ်တည်တည်နှင့် ထိုင်ကာနေသည်။ ထို့နောက် စံပယ့်ကို တစ်ချက်ပြန်ကြည့်၍. . .

"ညီမတို့က ဘယ်မှမသွားကြဘူးလား"

စံပယ်က. . .

"သွားမလို့စဉ်းစားနေတာ၊ ဘယ်သွားရမလဲ ထိုင်စဉ်းစားနေကြတာ"

"ဪ"

အေးခန့်က တစ်ချက်ခေါင်းညိတ်ပြရင်း အိမ်နောက်ဖေးသို့ ထွက်ကာသွားသည်။ ထို့နောက် အိမ်နောက်ဖေးအုတ်ကန်တွင် မျက်နှာသစ်သွားတိုက်ပြီး ပြန်ထွက်လာခဲ့၏။ ညည့်ခန်းထဲရောက်တော့ ကောင်မလေးနှစ်ယောက် မရှိတော့ပေ။ အေးခန့်က သူ့အခန်းထဲဝင်ကာ မျက်နှာသုတ်ပြီး ပြန်ထွက်လာခဲ့သည်။ ထို့နောက် အိမ်ရှေ့ကွပ်ပျစ်ရှိရာသို့ ထွက်လာခဲ့လိုက်၏။ ကွပ်ပျစ်ပေါ်တွင် ကောင်မလေးနှစ်ယောက် ထိုင်နေတာတွေ့လိုက်ရလေသည်။ အေးခန့်ထွက်လာတော့ စံပယ်က. . .

"မျက်နှာသစ်ပြီးသွားပြီလား"

"ဟုတ်ကဲ့"

"ဒါနဲ့ ရှင့်ကိုမေးရဦးမယ်၊ စပ်စုတယ်လို့တော့ မထင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



နေဒ်"

"ရပါတယ် မေးပါ၊ ဘာမေးမလို့လဲ"

"ရှင်က စာရေးဆရာဆို ဟုတ်လား"

ရုတ်တရက်ဆိုတော့ အေးခန့် ကြောင်သွားသည်။ ခဏနေတော့မှ သူ့အကြောင်းတွေကို အောင်ကြီး ဖောက်သည်ချထားပြီဆိုတာ တွေးမိလိုက်၍ တစ်ချက်ပြုံးလိုက်ကာ. . .

"အောင်ကြီး ပြောထားတာထင်တယ်"

စံပယ်ကလည်း ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြ၍

"ဟုတ်တယ်၊ ကိုအောင်ကြီးကပြောတယ်၊ ရှင်က စာရေးဆရာတဲ့၊ အခု မြင်ဦးလွင်ကိုလည်း စာလာရေးတာလို့ ပြောတယ်"

"ဟုတ်ပါတယ်"

အေးခန့်ကဖြေတော့ စံပယ်က. . .

"ဒါဆို ဘာနာမည်နဲ့ရေးတာလဲဟင်"

အေးခန့် တစ်ချက်တွေသွားသည်။ ခဏကြာတော့မှ. .

"ကျွန်တော်က နာမည်ကြီးမဟုတ်ပါဘူးဗျာ၊ ဒါကြောင့် ပြောလည်း သိမှာမှမဟုတ်တာ၊ အဲဒါကြောင့် မပြောတော့ပါ ဘူး"

"ထားပါတော့၊ ရှင်မသိချင်တဲ့အရာကို ကျွန်မတို့မမေး တော့ပါဘူး၊ ကျွန်မတို့ကလည်း ဝတ္ထုတွေဘာတွေ တော်တော် များများ ဖတ်ဖူးတော့ ကျွန်မတို့ဖတ်ဖူးတဲ့အထဲမှာ ပါမလား

www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တာပါ"

"ပါမယ်မထင်ပါဘူးဗျာ. . . ကျွန်တော်က အဲဒီ လောက်အဖြစ်မရှိသေးပါဘူး"

အေးခန့်က ပြုံးကြဲကြဲနှင့် ဆိုလိုက်၏။ တကယ်တော့ အေးခန့်က အမှန်တရားကို ပြောလိုက်ခြင်းဖြစ်သည်။ သူသည် တကယ်တန်းကျတော့ လုံးချင်းဝတ္ထု ထွက်ထားသော နာမည် ကြီး စာရေးဆရာတစ်ယောက်မဟုတ်သေး။ အခုမှ ထွက်ခွင့်ရ ဖို့ ကြိုးစားနေတုန်းဖြစ်သည်။ သို့သော် မဂ္ဂဇင်းနှစ်ခု၊ သုံးခုတွင် တော့ ဝတ္ထုတိုလေးတွေ ပါထားပြီးဖြစ်သည်။ သူက စာအုပ်တိုက် တစ်ခုတွင် အလုပ်ဝင်ထား၍ စာပေနဲ့တော့ မဝေးသူဟု ဆိုလို့ရ သည်။ လူကလည်း ဟိုစပ်စပ် ဒီစပ်စပ် ပါလေရာလုပ်လာခဲ့၍ ဗဟုသုတလေးလည်း ရှိသည်ဟု ဆိုရမည်။

BURMESE CLASSIC

တစ်ရက်တွင် သူအလုပ်လုပ်သော စာအုပ်တိုက်ပိုင်ရှင်က သူ့စာအုပ်တိုက်မှနေ၍ လုံးချင်းဝတ္ထု ကလောင်သစ်တင်ဖို့ လုပ်လာသည်။ အရည်အချင်းရှိသည့် မည်သည့်ကလောင်ရှင်မဆို လုံးချင်းဝတ္ထုထုတ်ပေးမည်ဟု ကြေငြာလာ၏။ ဤတွင် အေးခန့် အဖို့ အချိုရှာသကာတွေ့၊ ရေငတ်တုန်းရေတွင်းထဲကျ ဖြစ်သွား ရလေတော့၏။ ထို့နောက် စာအုပ်တိုက်မှခွင့်ယူကာ အောင်ကြီး ရှိရာသို့ စာရေးရန် သူထွက်လာခြင်းဖြစ်တော့သည်။ အောင်ကြီး ကိုတော့ သူ့ကိုယ်သူ နာမည်ကြီးစာရေးဆရာလိုလို ဘာလိုလိုပြော

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းဖြစ်၏။ အောင်ကြီးကလည်း တကယ်ယုံ၍ ကောင်မလေးတွေကို ပြောထားခြင်းဖြစ်လိမ့်မည်ဟု သူတွေးလိုက်သည်။

အခုလည်းကြည့် သူက အမှန်အတိုင်းပြောသော်လည်း ကောင်မလေးတွေက ယုံကြည်ဟန်မပြ။ သူ့ကိုလျှို့ထားသည်ဟု တွက်နေပုံရ၏။

"ကဲ. . . ဒါဆို ကျွန်မတို့ မြို့ထဲသွားဦးမယ်၊ ကိုအောင်ကြီး ခြံထဲကတက်လာလို့မေးရင် ပြောပေးနော်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

BURMESE CLASSIC

ကောင်မလေးနှစ်ယောက် ထထွက်သွားသည်။ အေးခန့်က ဟေမာန်ကို မသိမသာ တစ်ချက်လှမ်းကြည့်လိုက်၏။ ဟေမာန်က သူ့ကိုလှမ်းကြည့်လိုက်တာနှင့် အကြည့်ချင်းသွားဆုံသည်။ ထို့နောက် မျက်စောင်းထိုးသွားပါတော့၏။

အောင်ကြီး တစ်ချက်ပြုံးလိုက်ကာ သက်ပြင်းချမိလိုက်ပါတော့သည်။ ကောင်မလေးက သူ့အပေါ် ကြည်လင်ပုံမရသေး။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



စာ ရေးမယ်ဟုသာ ဆိုလာသော်လည်း တကယ့်တကယ်တန်း ရေးမယ်လုပ်တော့ ဘယ်ကစရေးရမှန်းမသိ၊ ဇာတ်လမ်းကို ဘယ်လိုစရမှန်းမသိတော့ပေ၊ ထို့ကြောင့် ဘောလ်ပင်တစ်ချောင်းနှင့် လယ်ချာစာအုပ်ကိုကိုင်ကာ ငိုင်နေမိသည်၊ ခဏကြာတော့ အောင်ကြီးက သူ့နားရောက်လာ၏၊ သူစာရေးဖို့လုပ်နေတာ တွေ့တော့ အလိုက်သိစွာ အနားကထွက်သွားလိုက်သည်၊

သူက အောင်ကြီးကို လှမ်းကြည့်၍. . .

"ပြောလေ ဟောကောင်၊ ဘာပြောမလို့လဲ"

မို ၊ မှို ၊ ၁၇ ၆ ၀

www.burmeseclassic.com

www.burmeseclassic.com



"ရေးပါ၊ ဘာမှမဟုတ်တော့ပါဘူး၊ ငါလည်း အလုပ်အား နေတာနဲ့ မင်းဆီထွက်လာတာ"

"ဒါဆိုလာလေ. . . ငါလည်း ဘာရေးရမှန်းမသိလို့ ငုတ်တုတ်ထိုင်နေတာ၊ မင်းလာတာနဲ့ အတော်ပဲ"

ထို့နောက် အေးခန့်က စာအုပ်ကို ပိတ်လိုက်သည်။ အောင်ကြီးက အေးခန့်ဘေးသို့ ဝင်ထိုက်လိုက်၏။ ထို့နောက်. . .

"မင်းတို့စာရေးဆရာအလုပ်ကလည်း မလွယ်ဘူးနော်၊ စိတ်ခံစားချက်မဝင်ရင် ဘာမှလုပ်လို့မရဘူးနော်"

"အေးပေါ့ကွ. . . ငါတို့တွေက ရင်ဘတ်နဲ့ အလုပ်လုပ် နေရတဲ့လူတွေဆိုတော့ ဘယ်လွယ်မလဲ"

BURMESE CLASSIC

အေးခန့်ကလည်း ဂွင်ဝင်တုန်း ခပ်ကြွားကြွားလေး ဆိုလိုက်၏။ ထို့နောက် ခန္ဓာကိုယ်ကို မတ်လိုက်ကာ ကျကျနန ပြန်ပြင်ထိုင်၍. . .

"တကယ်တော့ စာရေးဆရာတစ်ယောက် ဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးကွ၊ အထွေထွေဗဟုသုတလည်း ရှိဖို့လိုသလို စာလည်းများများဖတ်ဖို့လိုတယ်"

အောင်ကြီးက သက်ပြင်းကိုချလိုက်သည်။ အလှည့်ကျ တုန်းတော့ ခံလိုက်ဦးဟ ဆိုပြီးတော့လည်း တွေးလိုက်မိ၏။ အောင်ကြီးငြိမ်သွားတာကိုကြည့်၍ အေးခန့်က အားတက်သွား ကာ စကားကိုဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၈၂ ဆိုးသက်လင်းထက်

"အခုလိုအကြောင်းတွေကို မင်းကိုပြောပြရင်လည်း နားလည်မှာမဟုတ်ပါဘူးကွာ၊ မင်းနားလည်အောင် ပြောရရင်တော့ ငါတို့အလုပ်က ခက်တယ်ပေါ့ကွာ"

အောင်ကြီးက ဘုကြည့်လှမ်းကြည့်၏။ အေးခန့်က မသိချင်ယောင်ဆောင်နေလိုက်သည်။ ထို့နောက် အောင်ကြီးကပဲ စကားလမ်းကြောင်းကို လွှဲလိုက်သည်။

"မင်း တစ်နေ့တစ်နေ့ ငါ့ခြံမှာပဲနေရတာ ပျင်းရင် လျှောက်လည်ပါလား"

"ငါက ဘယ်မှမသွားတတ်တာ၊ ဘယ်တွေသွားရမယ်မှန်းလည်း မသိဘူး"

"မင်းက စာရေးဆရာဖြစ်ပြီး ဒီလောက်တောင်ညံ့ရလားကွ၊ ဒီလိုပဲ မေးမြန်းစုံစမ်းပြီး သွားပေါ့၊ မင်းမှာ ဗဟုသုတတွေ အများကြီးရှိတယ်ဆို"

အေးခန့် နင်ခနဲဖြစ်သွားသည်။ ဒီတစ်ခါ သူ့အလှည့်ပဲဟု သဘောပေါက်လိုက်၏။ ထို့နောက် ပြုံးလိုက်ကာ. . .

"တစ်ယောက်တည်း လျှောက်လည်တာထက်စာရင် အဖော်ရှိတော့ ပိုကောင်းတာပေါ့ကွာ၊ ဥပမာ မင်းလိုက်ပို့ရင်တော့ အကောင်းဆုံးပေါ့"

"ငါက အားမှမအားတာကွ၊ တစ်နေ့တစ်နေ့ မြို့ထဲမှာပဲ အချိန်ကုန်နေတာ မင်းမြင်တဲ့အတိုင်းပဲ"

ဦး ၊ မို ၊ ၀ ၁ ၆ ၀

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းခယ်မလေးတွေ မြို့ထဲသွားရင် ငါ့ကိုခေါ်ပါလို့ ပြောပေးပါလား"

အေးခန့်က ပြုံးစစနဲ့ကြည့်ပြီး ပြောလိုက်၏။ အောင်ကြီးက အေးခန့်စကားဆုံးတော့ ဖျတ်ခနဲ လှမ်းကြည့်လိုက်ကာ. . .

"သူတို့ခေါ်တယ်ဆိုရင်တော့ ငါ့ဘက်က ပြောစရာမရှိပါဘူး၊ သူတို့မခေါ်ဘူးဆိုရင်တော့ မတတ်နိုင်ဘူး ဟောကောင်"

"အဲဒါကြောင့် မင်းကိုပြောခိုင်းတာပေါ့"

"ငါပြောလည်း သူတို့ခေါ်ချင်မှဖြစ်တာကွ၊ သူတို့စိတ်ထဲက မင်းကိုမလိုလားရင် ငါလည်း ဘယ်ပြောလို့ရမလဲ"

အေးခန့်က သတ်ပြင်းကို ချလိုက်သည်။ ကောင်မလေးတွေကြည့်ရတာ သူ့ကို ခေါ်ချင်ပုံမပေါ်။ စံပယ်က တော်သေးသော်လည်း ဟေမာန်က အခုထိ သူ့အပေါ် မျက်စောင်းနဲ့ပဲ စကားပြောနေသေး၏။

"ဒါနဲ့ သူတို့နဲ့မင်း အဆင်ရောပြေရဲ့လား"

အောင်ကြီးစကားဆုံးတော့ အတွေးစပြတ်သွား၍ လှည့်ကြည့်လိုက်ကာ. . .

"ဒီလိုပါပဲကွာ"

"ဘယ်လိုဒီလိုပါပဲလဲ"

"စံပယ်နဲ့တော့ မေးထူးခေါ်ပြောရှိပါတယ်၊ ဟေမာန်ကတော့ အခုထိ ငါ့ကို စကားမပြောသေးဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးက ဘာမှမပြော ငြိမ်နေမိသည်။ ခဏကြာ တော့မှ အေးခန့်ဘေးက ထရပ်လိုက်ကာ. . .

"ဖျင်းတယ်ကွာ. . . လက်ဖက်ရည်ဆိုင်သွားရအောင် လာ"

"ကောက်ကာငင်ကာကြီး ဘယ်လိုဖြစ်တာလဲ"

"လက်ဖက်ရည်ဆိုင်သွားတာပဲကွာ အချိန်ရွေးနေရဦးမှာ လား၊ ဘာလဲ မင်းကမလိုက်ချင်လို့လား"

အေးခန့်က ထရပ်လိုက်၏။ ထို့နောက်. . .

"အခုမှပြောလို့ မင်းကိုစိတ်ဆိုးနေတာ"

ထို့နောက် သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်သို့ ထွက် လာခဲ့လိုက်ပါတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အမိအရ 85

နေ့လယ်ဘက် ပျင်းပျင်းရှိတာနှင့် အေးခန့် တစ်ယောက် ခြံထဲသို့ဆင်း၍ အမှိုက်ခြောက်လေးတွေ လိုက်ကောက်ပေးနေ လိုက်၏။ ဒီနေ့ တစ်အိမ်လုံးမှာ သူတစ်ယောက်တည်းရှိသည်။ အေးဘုံနှင့် ကောင်မလေးနှစ်ယောက်က ဟိုဘက်ထိပ်က လိမ္မော်ခြံဘက်သို့ သွားလည်ကြ၏။ အောင်ကြီးက ကိစ္စရှိ၍ မြို့ထဲထွက်သွားသည်။ ပထမတော့ အောင်ကြီးနဲ့ မြို့ထဲလိုက်သွားမလို့ စိတ်ကူးလိုက်သော်လည်း အိမ်မှာ ဘယ်သူမှမရှိ၍ နောက်ဆုံးတော့ သူတစ်ယောက်တည်း အိမ်စောင့်ကျန်ခဲ့ရလေတော့သည်။ ထို့ကြောင့် နေ့လည်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ပျင်းလာတာနဲ့ ခြံထဲဆင်းလာလိုက်ခြင်း ဖြစ်၏။

ခြံထဲရောက်တော့ ဘာလုပ်ရမလဲ စဉ်းစားလိုက်စဉ် အမှိုက်ခြောက်လေးတွေတွေ့၍ လိုက်ကောက်ကာ တောင်းတစ်လုံးထဲသို့ လိုက်ထည့်နေလိုက်၏။ တချို့နေရာများတွင် အမှိုက်ခြောက်တွေက လေတိုက်လိုက်သောကြောင့် ပြန့်ကျဲနေရာ တံမြက်စည်းနဲ့ လိုက်လှည်း၍ တစ်နေရာမှာ အရင်စုပုံရသည်။ ထို့နောက် သစ်သားပြားနှစ်ခုနှင့် ကျုံးယူကာ တောင်းထဲသို့ ထည့်ရ၏။ ထိုအမှိုက်ခြောက်တွေကို ညနေပိုင်းမှာ မီးရှို့ရမည်ဖြစ်သည်။

ထိုသို့ အလုပ်ကောင်းနေစဉ် အိမ်ရှေ့ဘက်မှ ခေါ်သံကြား၍ ခြံထိပ်သို့ ထွက်လာလိုက်သည်။ ပထမတော့ အေးဘုံတို့ ပြန်လာပြီဟု ထင်သော်လည်း တံခါးနားရောက်တော့ ဟောမာန်တစ်ယောက်တည်းသာ တွေ့လိုက်ရလေသည်။ သူက တံခါးဖွင့်ပေးလိုက်တော့ ဟောမာန် အထဲသို့ဝင်လာ၏။ သူတစ်ယောက်တည်းတော့မဟုတ်။ လက်ထဲမှာ အမွေးစုတ်ဖွား ခွေးလေးတစ်ကောင်ပါ ပါလာသည်။

ခြံထဲရောက်တော့ သူမက. . .

"ကိုအောင်ကြီးရော"

သူမနဲ့သူ ရန်ဖြစ်ပြီးကတည်းက သူမဘက်က ပထမဆုံး စကားစပြောသော စကားဖြစ်သည်။ သူလည်း ချက်ချင်းပင် ပြန်ပြီး

"အခုထိ ပြန်မလာသေးဘူးလေ၊ ဒါနဲ့ ကျန်တဲ့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကော"

"ဈေးဝယ်ရင်းကျန်ခဲ့တယ်"

"ဩော်. . . ဒါဆို တစ်ယောက်တည်း ပြန်လာတာပေါ့"

"ဟုတ်တယ်. . . ဗစ်ကီလေးနဲ့ဆော့ချင်လို့၊ သူတို့ကို မစောင့်ဘဲ ပြန်လာတာ"

ထိုတော့မှ အေးခန့်က ဟေမာန်လက်ထဲက စုတ်ဖွားလေးကို ကြည့်လိုက်သည်။ ခွေးလေးက အမလေးဖြစ်၏။ တော်တော်လည်း လိမ္မာပုံရသည်။ ဟေမာန်လက်ပေါ်မှာ သူမသခင်အရင်းတစ်ယောက်လို အမြီးကလေးနန့်ကာနန့်ကာနှင့် ချွဲနေလေ၏။

အေးခန့်က ခွေးကလေးကိုကြည့်ပြီး. . .

"ချစ်စရာလေးပဲ၊ ဘယ်ကခွေးဆေးလဲ"

ဟေမာန်က ခွေးကလေးကိုပိုက်ကာ ရှေ့မှဦးဆောင်သွားနေရင်းက. . .

"ကျွန်မတို့သွားတဲ့ခြံက ခေါ်လာတာ၊ ဒီမှာခဏခေါ်ထားမလို့"

"ဩော်"

ဟေမာန်က ခွေးလေးကိုချ၍ ရှေ့မှဦးဆောင်ကာ ခြံထဲသို့ ပြေးဆင်းသွားသည်။ ခွေးလေးက အမြီးနန့်ကာ ခုန်ပေါက်ရင်း သူမနောက်သို့ လိုက်သွားပါတော့၏။ အေးခန့်က ထိုမြင်ကွင်းကို ကြည့်ကာ ပြုံးရင်း ကျန်ခဲ့လေသည်။ မိန်းကလေးတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ပျော်မြူးသောအလှကို သူ့ဘဝတွင် ပထမဆုံး ခံစားလိုက်ရခြင်းဖြစ်လေတော့သည်။

ခဏာနေတော့ အေးခန့်လည်း ခြံထဲသို့ ဆင်းလိုက်သွားပါတော့၏။

❤ ❤ ❤

www.burmeseclassic.com

www.burmeseclassic.com



လေ ပြည်လေညှင်းလေးတွေ တိုက်ခတ်လိုက်ချိန်တွင် သူမဆံနွယ်လေးတွေ လေထဲသို့ လွင့်ဖဲကာသွားသည်။ ခွေးကလေးက သူမအပေါ် ခုန်တက်လိုက်ချိန်တွင် သူမ ပျော်ရွှင်စွာ ခုန်ရှောင်၍ ကလေးတစ်ယောက်လို ခုန်ပေါက်ပြေးလွှားနေလိုက်သည်။ အေးခန့်က ခပ်လှမ်းလှမ်းမှနေ၍ သူမလှုပ်ရှားမှုများကို မမှိတ်မသုန် စိုက်ကြည့်နေလိုက်၏။ ဟေမာန်ကတော့ အေးခန့်သူမကိုကြည့်နေတာကို သတိထားမိပုံမပေါ်။ သူမစိတ်ထဲတွင် ခွေးနဲ့သူမ ဆက်သွယ်မှုမှလွဲ၍ ပတ်ဝန်းကျင်ကို မေ့ပျောက်နေဟန်ရှိ၏။ ခဏကြာတော့ သူမဆော့ရတာ မောသွားပုံရသည်။

www.burmeseclassic.com



အပင်ရိပ်တစ်ခုအောက်မှာ ငှတ်တုတ်ကလေးထိုင်ရင်း ခွေးလေး၏ ခေါင်းကို ညင်သာစွာ ပွတ်ပေးနေလေသည်။

အေးခန့်က သူမကိုကြည့်ရင်း ပြုံးလိုက်မိ၏။ သူပြုံးလိုက်ပြီး ခဏအကြာတွင် သူမဆီကအကြည့်သည် အေးခန့်ဆီသို့ ဖျတ်ခနဲရောက်လာလေသည်။ အေးခန့်ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားပြီး အကြည့်ကို ချက်ချင်းလွှဲဖယ်လိုက်ကာ အမှိုက်တွေကို ကယောင်ကတန်းနဲ့ ကျုံးရင်း တောင်းထဲသို့ ပစ်ထည့်လိုက်၏။ သူ့စိတ်ထဲမှာလည်း တော်တော်လေး စိုးရိမ်ကာသွားသည်။ သူ ခိုးကြည့်နေတာကို သူမသိသွားပြီး စိတ်ဆိုးသွားရင်တော့ ဒုက္ခပဲဟု တွေးနေမိ၏။ အစကတည်းက အဆင်မပြေတာ အခုလိုဖြစ်သွားရင်တော့ အခြေအနေက ပိုဆိုးသွားနိုင်၏။ ထို့ကြောင့် သူမ အရိပ်အကဲကိုခတ်ရန် အသာလေး မသိမသာ မျက်လုံးလှန်ကြည့်လိုက်လေတော့သည်။

သူမက ယခင်ထိုင်ခဲ့သည့်နေရာတွင် မရှိတော့။ ခွေးလေးနဲ့အတူ လမ်းလျှောက်ရင်း ခြံအနောက်ဘက်သို့ ထွက်သွားတာ တွေ့လိုက်ရလေသည်။ အေးခန့် သက်ပြင်းကိုချလိုက်၏။ ဒီလို အခြေအနေဆို သူထင်ထားသလို မဖြစ်နိုင်တော့ပေ။ သူမပုံစံ ကြည့်ရတာလည်း စိတ်ဆိုးနေဟန်မရှိ၍ စိတ်အေးသွားရ၏။ ထို့နောက် ကိုယ့်အလုပ်ကိုယ်ပြန်လုပ်ရန် စဉ်းစားလိုက်၍ ကျန်သော အမှိုက်တွေကို လိုက်၍ ကျုံးထည့်နေလိုက်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်က ဘယ်လောက်ကြာသွားမှန်း မသိတော့ပေ။ အမှိုက်တွေအားလုံး ကျုံးပြီးလိုက်ထည့်ပြီးချိန်တွင် အေးခန့်က ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

"ဟင်"

ခြံထဲမှာ ကောင်မလေးကို မတွေ့တော့ပေ။ ဘယ်အချိန်က ထွက်သွားမှန်း မသိလိုက်။ ထို့နောက် အမှိုက်ခြင်းတောင်းကို မ၍ ခြံထဲက ထွက်မလို့လုပ်စဉ် ခွေးဟောင်သံသဲ့သဲ့ကို ခြံနောက်မှ ကြားလိုက်ရလေသည်။ အေးခန့် ခဏတော့ တွေဝေ၍ ငေးကြည့်နေသေး၏။ ခွေးဟောင်သံက အဆက်မပြတ် ဆက်လက်ထွက်လာ၍ ခြံနောက်ဘက်သို့ ထွက်ခဲ့လေတော့သည်။

ခြံအနောက်ဘက်ရောက်တော့ စုတ်ဖွားခွေးလေးကို ခြံထောင့်တစ်နေရာမှာ တစ်နေရာသို့ကြည့်၍ ဟောင်နေတာ တွေ့ရ၏။ ခွေးလေးပုံစံကြည့်ရတာလည်း တစ်နေရာသို့ပြေးသွားလိုက်၊ ထိုနေရာသို့လာပြီး ထိုးဟောင်လိုက်နှင့် ဆောက်တည်ရာမရပေ။ ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့လည်း ကောင်မလေးကို မတွေ့ရ။

အေးခန့်စိတ်ထဲမှာ ထင့်ခနဲဖြစ်သွား၏။ တစ်ခုခုတော့ ဖြစ်ပြီဆိုတာ နားလည်လိုက်ပြီး တစ်ခါက အောင်ကြီးပြောဘူးသော 'ခြံအနောက်ဘက်ကိုမသွားနဲ့နော်၊ ချောက်တွေရှိတယ်' ဆိုသော စကားကို ကြားယောင်မိလိုက်ချိန်တွင် အမှိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်းကို ဘုန်းခနဲ ပစ်ချ၍ ထိုနေရာသို့ အမြန်ပြေးထွက်လိုက်ပါတော့သည်။

အေးခန့် ထိုနေရာသို့ရောက်သွားချိန်တွင် ဆင်ခြေလျှောမတ်စောက်စောက်ဖြစ်နေသော ချောက်တစ်ခုကို တွေ့လိုက်ရသည်။ ချောက်အောက်ဘက်သို့ ကဲကြည့်လိုက်တော့ ဟေမာန့်ကို ခွေခွေလေးလဲနေတာ တွေ့လိုက်ရတော့၏။

အေးခန့် ဘာမှတွေးမနေတော့ဘဲ ချောက်အောက်သို့ ဖင်ဒရွတ်တိုက်လျှောဆင်းလိုက်ကာ ဟေမာန့်အနားသို့ သွားလိုက်ပါတော့၏။ အနားရောက်တော့ ဟေမာန့်ကိုယ်လုံးလေးကို လှုပ်ကာ ခေါ်ကြည့်လိုက်သည်။

"ဟေမာန် . . . ဟေမာန် . . . ဟေမာန်"

ကောင်မလေးသည် တုတ်တုတ်မျှမလှုပ်။ ချောက်အောက်ဘက် ပြုတ်ကျတဲ့အရှိန်နဲ့ သတိလစ်သွားပြီထင်သည်။ အေးခန့် ရုတ်တရက်ဆိုတော့ ဘာလုပ်ရမှန်းမသိ ခေါင်းနပန်းကြီးကာသွား၏။

"ဒုက္ခပါပဲ . . . ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ"

ခေါင်းထဲမှာ အကြံပေါင်းစုံထုတ်ကာ စဉ်းစား၏။ ကောင်မလေးကို ပွေ့ချီ၍ အိမ်ပေါ်ခေါ်သွားရန် စဉ်းစားလိုက်သည်၊ သို့သော် သူတစ်ယောက်တည်း ဟေမာန့်ကို ပွေ့ချီ၍ ချောက်ကမ်းပါးကိုတက်ရန် မလွယ်ပေ။ တော်ကြာ မနိုင်မနင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး နှစ်ယောက်စလုံး ထပ်ပြုတ်ကျမှ အခြေအနေ ပိုဆိုးသွား နိုင်၏။ အခန့်မသင့်ရင် ခြေတွေလက်တွေပါ ကျိုးပဲ့သွားနိုင်လေ သည်။

ထို့ကြောင့် သူဘာလုပ်ရမလဲ စဉ်းစားလိုက်သည်။ သတိ မေ့သူကို သတိရအောင်လုပ်ရန် တစ်နည်းတော့ သွားတွေးမိ သည်။ ထိုနည်းကို ရုပ်ရှင်တွေထဲမှာလည်း မြင်ဘူးသည်။ သူတို့ရွာ မှာလည်း လူတစ်ယောက် ရေနစ်တုန်းက ကျန်းမာရေးမှူးလေး လုပ်ပေးတာလည်း တွေ့ဘူး၏။ တခြားမဟုတ် ပါးစပ်ချင်းတေ့ပြီး လေမှုတ်သွင်းခြင်းပင်။

ထိုနည်းသည် ရေနစ်ပြီး မေ့မျောနေသော လူအတွက် အကျိုးဝင်သလား၊ ဒါမှမဟုတ် အခုလိုဖြစ်ပြီး သတိမေ့နေသော လူတွေအတွက်လည်း လုပ်ပေးလို့ရသလားဆိုတာ သူမသိ။ သို့သော် ဒီအတိုင်း လက်ပိုက်ကြည့်နေတာထက်စာရင်တော့ အကျိုးရှိနိုင်သည်ဟု တွေး၍ ကောင်မလေးကို ပက်လက်အနေ အထားသို့ ပြောင်းလိုက်ပါတော့သည်။

ထို့နောက် ကောင်မလေးရဲ့ နှုတ်ခမ်းလေးကိုကြည့်၍ သူ့ရင်ထဲမှာ တဒိန်းဒိန်းခုန်ကာလာ၏။ သူ့ဘဝအတွက် ထိုကိစ္စက တော်တော်လေး စွန့်စားရမည်ဆိုတာတော့ သူသိသည်။ သူ ထိုအလုပ်ကိုလုပ်နေတုန်း ကောင်မလေးနိုးလာရင်တော့ သူ့ဘဝ ပျက်ပြီ။ ဟိုတစ်ခါကိစ္စထက် အများကြီး အကြောင်းဆိုးသွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



၏။ သို့သော် မတတ်နိုင်တော့။

ဤသို့ဖြင့်. . . ဤသို့ဖြင့်. . . .။

ပထမတစ်ကြိမ် လုပ်ပေးပြီးချိန်တွင် ဘာမှအကြောင်း မထူးသေး။ ထို့ကြောင့် နှုတ်ခမ်းကို တစ်ချက်သုတ်ကာ ဒုတိယ အကြိမ် ကြိုးစားကြည့်သည်။ ဘာမှမထူး။

နောက်တစ်ကြိမ် ထပ်လုပ်ရန် အားယူလိုက်သည်။ လေကို ဝမ်းခေါင်းထဲသို့ အသားကုန်ရှူသွင်းပြီး အားကုန်မှုတ်သွင်း လိုက်တော့၏။ ထိုအချိန်တွင် ကောင်မလေးခန္ဓာကိုယ်သည် ဆတ်ခနဲ တစ်ချက်တုန်သွားပြီး မျက်စိနှစ်လုံး ဖတ်ခနဲပွင့်လာတော့ ၏။

ကောင်မလေး သတိရလာတာနဲ့ အေးခန့်သည် ကောင်မ လေးဆီမှ ဝုန်းခနဲခွာလိုက်ပြီး အကဲခတ်နေလိုက်ပါသည်။ ရုတ်တ ရက်ဆိုတော့ ကောင်မလေးသည် ငုတ်တုတ်ထထိုင်၏။ ထို့နောက် အေးခန့်ကိုကြည့်ကာ ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံး ရဲတက် လာပါတော့သည်။

အေးခန့်က ကမန်းကတန်း လက်ကာပြရင်း. . .

"မဟုတ်ဘူးနော်. . . မဟုတ်ဘူး၊ မဟုတ်ဘူး"

ဟုပြောကာ အကြောက်အကန် ငြင်းသည်။ ဟောမာန် လည်း ပထမတော့ ရှက်စိတ်ကြောင့် ဒေါသအကြီးအကျယ် ထွက် သွားသော်လည်း သူမဖြစ်ခဲ့သည့် အဖြစ်အပျက်ကို သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ ရှက်စိတ်သာ ကျန်တော့သည် ဒေါသစိတ်မရှိတော့။ သူမလည်း အေးခန့်နေရာမှာဆို ဒီလိုပဲ အကူအညီပေးမိမှာ သေချာပါသည်။ ထို့ကြောင့် အေးခန့်ကို စိတ်မဆိုးပါ။ သို့သော် ရှက်စိတ်ကတော့ တစ်ကိုယ်လုံးကို လွှမ်းခြုံကာနေသေး၏။

"က. . . က. . . ကိုယ်က. . . ည. . . ည. . . ညီမလေး မေ့နေတော့ ဘာ. . . ဘာလုပ်ရမှန်းမသိဘဲ တတ်. . . တတ်သလောက် မှတ်သလောက် လုပ်ပေးမိတာပါ၊ ဘ. . . ဘ. . . ဘာဘာညာညာစိတ်တွေ မရှိပါဘူး၊ ယုံပါနော်"

ပဟမာန်က ထိုင်နေရာမှ ထရပ်လိုက်သည်။ သို့သော် ခြေကျင်းဝတ်က ဆစ်ခနဲနာကျင်သွား၍ ခွေခနဲ ပြန်လဲကျသွား၏။ ပဟမာန် လဲကျသွားတာတွေ့တော့ အေးခန့်က ကမန်းကတန်း ပြေးသွားလိုက်ကာ. . .

"မထ. . . မထနဲ့ဦးလေ၊ ညီမလေးက ပြုတ်ကျထားတဲ့အရှိန်ကြောင့် ခြေတွေလက်တွေ နာနေမှာပေါ့"

ပဟမာန်က ခြေကျင်းဝတ်ကလေးကို လက်နဲ့ဖိကာ ညည်းနေ၏။ အေးခန့်က ပဟမာန့်ဘေးနားတွင် မရဲတရဲလေးနှင့် ထိုင်ပြီး ခြေကျင်းဝတ်ကလေးကို ခပ်ဖွဖွလေးကိုင်ကာ ကြည့်လိုက်မိသည်။ ပဟမာန်က တစ်ချက် တွန့်ခနဲဖြစ်သွား၏။ အေးခန့်က. . .

"အရမ်းနာနေလား"

www.burmeseclassic.com

www.burmeseclassic.com

## ၉၆ မိုးသက်လင်းထက်

ဟေမာန်က ခေါင်းညိတ်ပြသည်။ အေးခန့်က. . .

"လဲကျတဲ့ဒဏ်ကြောင့် အကြောတွေဘာတွေ တင်သွားတယ်ထင်တယ်"

ဟေမာန်က ခေါင်းအသာညိတ်ပြပြန်သည်။ ထို့နောက် အေးခန့်က. . .

"ဖြည်းဖြည်းချင်းထကြည့်ပါလား၊ ချောက်ပေါ်ရောက်အောင် ကိုယ်တွဲခေါ်သွားမယ်လေ၊ အပေါ်ရောက်တော့မှ ဖြည်းဖြည်းလျှောက်ကြည့်ပေါ့"

အေးခန့်စကားအဆုံး ဟေမာန်က အသာထရပ်သည်။ အေးခန့်က ဘေးကအသာတွဲထူပေး၏။ ထို့နောက် တစ်လှမ်းနှစ်လှမ်း စမ်းလျှောက်ကြည့်သည်။ အေးခန့်က နာနေတဲ့ဘက်ကို အစွမ်းကုန် ဖေးမပေးသောကြောင့် လျှောက်လို့တော့ရ၏။ သို့သော် နာသည်။

ဟေမာန်က နာသည့်ဒဏ်ကို ကြိတ်ခံ၍ ချောက်ပေါ်ရောက်အောင် အတင်းတွဲတက်၏။ အေးခန့်ကလည်း အရှေ့မှဦးဆောင်၍ အတင်းဆွဲကာတက်သည်။ ဤသို့ဖြင့် တစ်နာရီလောက် ကြိုးစားလိုက်တော့ သူတို့နှစ်ယောက်လုံး ချောက်ပေါ်သို့ ရောက်လာပါတော့သည်။ ချောက်ပေါ်ရောက်တော့ ဟေမာန်ခမျာ မထနိုင်တော့။ ခုန အတင်းတွယ်တက်လာသောဒဏ်ကြောင့် ခြေကျင်းဝတ်က အထိမခံနိုင်အောင် နာလာလေ

www.burmeseclassic.com



တော့သည်။

ထို့ကြောင့် အေးခန့်က ဘာမှစဉ်းစားမနေတော့ဘဲ ပေါမာန်ခန္ဓာကိုယ်လေးကို ဆွဲ့ခနဲ ကောက်ပွေ့လိုက်ပါတော့၏။

"အို"

ပေါမာန်ခမျာ အာမေဋိတ်သံသာ တစ်ချက်ပေးနိုင်သည်။ သူမခန္ဓာကိုယ်လေးက အေးခန့်ရင်ခွင်ထဲသို့ ဆွဲ့ခနဲရောက်သွားလေတော့၏။ ထို့နောက် ပေါမာန် မျက်စိမှိတ်ကာထားသည်။ ရှက်လွန်းလို့ ဘာမှတော့ ပြန်မပြောပါ။ သို့သော် ရင်ခုန်သံက ပြောင်းဆန်အောင် ခုန်နေပါသည်။

အေးခန့်ကရော. . .။

သူကိုယ်သူ လူတစ်ယောက်လုံး ပွေ့ချီထားတယ်လို့တောင် မထင်ရအောင် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းကာနေ၏။ ပေါမာန့်ဆီက ကိုယ်သင်းရနံ့လေးများကြောင့် လူက လေထဲမှာ လွင့်ဝဲနေသယောင်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ထို ညတစ်ညလုံး အေးခန့် အိပ်မရတော့။ တလူးလူး တလိမ့်လိမ့်နှင့် ငုတ်တုတ်ထထိုင်လိုက်၊ ရေထသောက်လိုက် လုပ်နေရသည်။ ခဏခဏလည်း သက်ပြင်းတွေချမိ၏။ အိပ်ပျော်ဖို့ မကြာခဏ ကြိုးစားသည်။ နောက်ဆုံး ကြိတ်မှိတ်အိပ်ကြည့်သည် ဘယ်လိုမှမရ။ သူ့ဘဝကို နှုတ်ခမ်းနုတ်သမီးလေး ဖမ်းစားလိုက်ပြီတကား။

ညသည် တိတ်ဆိတ်ကာနေသည်။ တစ်ခါတစ်ရံ အဝေးတစ်နေရာမှ ခွေးဟောင်သံများနှင့် ပုရစ်အော်သံများမှလွဲ၍ အကာလညအခါသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံးသည် အိပ်မောကျနေရာ အိပ်မပျော်သော လူ သူတစ်ယောက်သာရှိလိမ့်မည်ဟု အေးခန့် တွေးလိုက်မိ၏။ နောက်ဆုံးတော့ အိပ်မရတဲ့အတူတူ အခန်းထဲမှ အသာထွက်၍ အိမ်ရှေ့ခြံကွက်လပ်သို့ ထွက်လာခဲ့လိုက်၏။ ခြံထဲတွင် လရောင်ကြောင့် ပတ်ဝန်းကျင်က ဝင်းပကာနေသည်။ ကောင်းကင်တွင်လည်း မိုးသားများ ကင်းစင်၍ ကြယ်လေးများကို ကောင်းကင်နှင့် အပြည့် တွေ့ရ၏။

အေးခန့်က တောင်ပေါ်ညလေးရဲ့ ကောင်းကင်အလှကို ခံစားရင်း ကွပ်ပျစ်လေးပေါ် အသာထိုင်လိုက်သည်။ အေးမြသော လေတချို့က သူ့မျက်နှာကို ရှေ့တည့်တည့်မှ ဝင်တိုက်၏။ အေးခန့် စိတ်ထဲရှိ နောက်ကျိမှုများသည် ခဏအတွင်း လွင့်ပျောက်သွားသလို ရှိသွား၏။ ထို့နောက် လေကိုတစ်ဆုံး ရှူသွင်းလိုက်ပြီး မှုတ်ထုတ်ပစ်လိုက်၏။ ခဏကြာတော့ ဟေမာန့်မျက်နှာလေး ပြန်မြင်ယောင်လာလေသည်။ အေးခန့် ရင်ခုန်သံသည် ချက်ချင်း လေးဆလောက်မြန်သွား၏။ ရုတ်တရက်ဆိုတော့ သူ့ရင်ခုန်သံ သူကြောက်ပြီး ရုတ်တရက် ထရပ်မိလိုက်၏။ နောက်တော့မှ ကိုယ့်သတိကိုယ်ထိန်းကာ ပြန်ထိုင်လိုက်မိသည်။ ဒီလိုရင်ခုန်သံမျိုးက အသက်မသေနိုင်မှန်း သူသိသည်။ သို့သော် သူကြောက်နေမိသည်။ သူ့ဘဝတွင် ယခုအချိန်ထိ ဘယ်မိန်းကလေးကိုမှ မချစ်ဘူးခဲ့။ သူ့ဘဝသည် ရွာမှာနေတုန်းကလည်း ဟေးလားဝါးလား နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်မှလွဲ၍ ဘယ်မိန်းကလေးနဲ့မှ အရောတဝင်မနေဘူးခဲ့။ အချစ်သည် သူ့ဘဝနဲ့မဆိုင်သလို ရှိခဲ့သည်။ ရန်ကုန်ရောက်ပြီး အလုပ်လုပ်တော့လည်း အလုပ်နဲ့လက် ပြတ်သည်မရှိ၍ ဘယ်သူ့ကိုမှ စိတ်မဝင်စားအားပေ။

အခုတော့. . .

သူ့ရင်ခုန်သံကို သူပြန်ကြားနေရသည်။

သူ့နှလုံးသားကို သူပြန်မြင်နေရသည်။

သူ၌ အချစ်ရှိသည်ဆိုတာကို အခုမှ သူ့ကိုယ်သူ နားလည်လိုက်မိတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ခြေ ထောက်နာလို့ အိပ်မပျော်တာပဲဟု ကိုယ့်ကိုယ်ကို မှတ်ချက်ချမိ၏။ ဒါဆို ဘာကြောင့် ရင်ကခုန်နေရသနည်း။ ခြေထောက်နာတာနဲ့ ရင်ခုန်နေတာကတော့ မဆိုင်တော့ဘူးထင်သည်။ ဒါဆို ဘာကြောင့်လဲ။

သူမ နှုတ်ခမ်းလေးကို ယောင်ပြီး ကိုက်လိုက်မိ၏။ ထို့နောက် မျက်နှာတစ်ခုလုံး ရှိန်းခနဲ ဖြစ်သွားမိ၏။ အေးခန့်ဆိုတဲ့လူက သူမကို ထိုကဲ့သို့ ရှေ့ဦးသူနာပြုစုခြင်းမျိုး သူမ သတိမရမ်ချင်း ဘယ်နှကြိမ်ပြုလုပ်သွားခဲ့လဲမသိ။ သူမသတိရလာတော့ သူမနှုတ်ခမ်းတစ်ခုလုံး နွေးထွေးသောအထိအတွေ့ကို ခံစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ သူမ ရှက်ခဲ့ရသည်။ ပြီးတော့ ပြောမပြတတ်အောင် ရင်တွေ ခုန်ခဲ့ရ၏။

သူမဘဝတစ်လျှောက်လုံးတွင် ယခုအချိန်ထိ နှုတ်ခမ်းတစ်စုံ အနမ်းခံရဖို့နေနေသာသာ တစ်ပါးယောကျ်ား၏ ရင်ခွင်ထဲသို့ပင် ယောင်လို့တောင် ရောက်ခဲ့ဘူးတာမဟုတ်။ အခုတော့ ထိုအဖြစ်အပျက်နှစ်ခုလုံး ယောကျ်ားတစ်ယောက်ဆီသို့ သူမပေးအပ်ခဲ့ရသည်။ မတော်တဆပဲဆိုဆို ဘာပဲဆိုဆို သူမဘဝတွင် ထိုကိစ္စကို လုံးဝမေ့ပျောက်ရနိုင်မှာ မဟုတ်တော့ပါ။

ထူးခြားတာ တစ်ခုတော့ရှိသည်။ ထိုအဖြစ်အပျက်တွေအတွက် သူမ စိတ်မဆိုးမိခဲ့။ သူမ စတင်သတိရချိန်း အကြောက်အကန်ငြင်းကန်နေသော အေးခန့်၏မျက်နှာကို မြင်ယောင်လာမိသည်။ အေးခန့်၏မျက်ဝန်းထဲတွင် ဖြူစင်ခြင်းအရိပ်အယောင်ကို သူမတွေ့ခဲ့ရ၏။ ဘာဖြစ်လို့မှန်းမသိ သူမ အေးခန့်အပေါ် စိတ်မဆိုးမိတော့။ ပြီးတော့ သူမအပေါ် စိုးရိမ်တကြီးနှင့် ချောက်ပေါ်သို့ အတင်းဆွဲတင်ကာ အိမ်ထဲအထိ ချိုပို့ပေးခဲ့၏။ သူမ ကျေးဇူးတင်မိသည်။ သို့သော် ကျေးဇူးတင်စကားတော့ မပြောဖြစ်ခဲ့။ ရှက်ခြင်း၊ ရင်ခုန်ခြင်းနှင့် ကြောက်ရွံ့ခြင်းများ သူမတစ်ကိုယ်လုံး လွှမ်းခြုံနေ၍ မပြောဖြစ်ခဲ့တာလည်း ဖြစ်ပေလိမ့်မည်။

အခုတော့ ကြောက်ရွံ့ခြင်းနှင့် ရှက်ခြင်းမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ခြင်းတစ်ခုသာ သူမကိုယ်တွင် ကျန်ရစ်ခဲ့ပါတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်အရောင် မကျသေး၍ အိမ်ထဲက အိမ်ပြင် မထွက်ရပေ။ တစ်ခါတစ်ရံ စံပယ့်ကို တွဲ၍ ခြံထဲလမ်းလျှောက်ရုံ လောက်သာ လုပ်လို့ရသေးသည်။ ညနေတိုင်း ရှမ်းဆရာကြီးတစ်ယောက်က ဆေးလာလာစည်းပေး၏။ တစ်နေ့ထက်တစ်နေ့ အခြေအနေက တိုးတက်လာသော်လည်း ယခင်လို လှုပ်လှုပ်ရှားရှား လုပ်လို့တော့မရသေးပေ။

"ဒီရက်ပိုင်း ကိုအေးခန့်ကို မတွေ့မိသလိုပဲနော်"

စံပယ်က ဆရာလာကာနီးမို့လို့ ပတ်တီးဖြေပေးနေရင်းမှ မေးလိုက်၏။ သူမက ဘာမှပြန်မပြောဘဲ ငြိမ်နေမိသည်။ စံပယ်က

www.burmeseclassic.com

www.burmeseclassic.com



ပင် စကားကိုဆက်သည်။

"ဟိုတစ်နေ့က ငါနဲ့ ခြံထဲအသွားမှာ တွေ့သေးတယ် သိလား၊ သူ့ပုံစံကြီးက ငါ့ကိုတွေ့လိုက်တော့ ဟိုလိုလို ဒီလိုလိုနဲ့ ရှောင်ထွက်သွားတယ်"

စံပယ်ပြောတာ ဟုတ်သည်ဟု ဟေမာန်တွေးလိုက်မိ၏။ ဒီရက်ပိုင်းတွေမှာ ကိုအေးခန့် သူမတို့ကို ရှောင်နေသည်ဟု ထင်မိသည်။ မနေ့ကလည်း သူမအောက်ထပ်မှာထိုင်နေတုန်း ကိုအေးခန့် အိမ်ထဲဝင်လာတာနဲ့ သွားတိုးသည်။ သူမကိုတွေ့တော့ ရှက်ကိုးရှက်ကန်းအမူအရာနှင့် မျက်နှာလွှဲသွားကာ အိမ်နောက်ဖေးဘက် ပြေးဝင်ကာသွား၏။ မြင်းကမလှုပ် ခုန်ကလှုပ်နေသည့် အဖြစ်ကို တွေးမိကာ ပြုံးခဲ့ရသေး၏။

"ကြည့်ရတာ ကိုအေးခန့်ကြီးတစ်ယောက် နင့်ကိုရှက်နေတာလားမသိဘူး"

"ငါလည်းဘယ်သိမလဲ"

"နင်ကရော"

"ငါကဘာဖြစ်ရမှာလဲဟ"

"ကိုအေးခန့်ကြီးက နင့်ကိုမွေ့လာတော့ ရှက်ဘူးလား လို့"

"အမလေးဟယ် ခြေထောက်နာနေတာနဲ့ ကျန်တာတွေ သတိတောင်မရမိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမက ရယ်ကာမောကာနှင့် ဘာမှမဟုတ်သလို ဖြေလိုက်မိ၏။ စံပယ်က ပြုံးလိုက်ကာ. . .

"ကိုအေးခန့်ကြီးကတော့ ဘာမှမဖြစ်လို့ ရှက်ချင်ရှက်နေမှာပေါ့ဟာ"

"ကဲ. . . အစ်မ နင် ငါ့ကို စကားပြောမှာလား၊ ပတ်တီးဖြေပေးမှာလား၊ တော်ကြာ ဆရာလာတော့မယ်နော် အမြန်လုပ်"

ထိုတော့မှ စံပယ်က လျှာလေးတစ်လစ်ထုတ်၍ ပတ်တီးကို အဆုံးထိ ဆက်ဖြေပေးပါတော့သည်။ ခဏကြာတော့ ဆရာ ရောက်လာ၏။ သူမခြေထောက်အခြေအနေကို ကြည့်၍ ဆေးပြန်စည်းပေးသွားလေသည်။

"နောက်သုံးလေးရက်လောက်နေရင်တော့ လမ်းစလျှောက်လို့ရပါပြီ၊ ဒီကြားထဲတော့ ဟိုသွားဒီသွား အရမ်းမလုပ်နဲ့ဦးပေါ့"

သူမက ခေါင်းညိတ်ပြလိုက်၏။ ခဏနေတော့ ဆရာ ပြန်ဖို့လုပ်သည်။ ထိုအချိန်တွင် ဘယ်ကရောက်လာမှန်းမသိသော ကိုအေးခန့်က ဆရာ့ဆေးလွယ်အိတ်ကို ကောက်ယူလိုက်ကာ. .

"ကျွန်တော်လိုက်ပို့ပေးမယ် ဆရာ"

ဆရာက ခေါင်းညိတ်ပြ၍ သူတို့နှစ်ယောက်လုံး အိမ်ပြင်ထွက်သွားပါတော့သည်။ စံပယ်နှင့်သူမ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိလိုက်ပါတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



သုံး ရက်လောက်နေတော့ ခြေထောက်က ဖျောက်သလောက်ရှိသွားသည်။ ဟိုသွားဒီသွား သွားလို့ရသွား၍ ခြေက သိပ်အငြိမ်မနေချင်တော့၊ အိမ်ထဲမှာလည်း နေလာတဲ့ရက်တွေ များနေ၍ အပြင်ထွက်ချင်နေမိသည်။ ထို့ကြောင့် စံပယ်ကို သွားညို၏။ စံပယ်ကလည်း နှစ်ခါမခေါ်ရသူလည်းဖျင်းနေ၍ 'သွားလေ' ဟုဆိုကာ သူမဝ့် ရေမိုးချိုးပြီးမြို့ထဲသွားဖို့လုပ်ကြ၏။ အိမ်ကထွက်ဖို့အလုပ်တွင် ခြံထဲတအောင်ကြီး တက်လာတာနှင့် သွားတိုး၏။ အောင်ကြီးက ပြင်ဆင်ဖြီးလိမ်းထားကြသော သူတို့ကိုကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . ဒီညီအစ်မ ဘယ်သွားကြမလို့လဲ"

"မြို့ထဲကို ကိုအောင်ကြီး ဘာမှာဦးမလဲ"

"အမလေး. . . အမလေး ခြေထောက်လေးသက်သာရုံ ရှိသေးတယ် ညည်းက မြို့ထဲသွားမလို့လား"

အောင်ကြီးက ဟေမာန်ကိုကြည့်ပြီးပြောတော့ ဟေမာန်က ပြုံးစိစိနှင့်. . .

"ကိုအောင်ကြီးကလည်း ခြေထောက်က သက်သာနေပါပြီ၊ အိမ်ထဲမှာ လဲနေရတာကြာတော့ ပျင်းလာပြီ"

"အေးပါ. . . ဟုတ်ပါပြီ၊ ငါကလည်း စိုးရိမ်လို့ပြောတာပါ၊ ဒါနဲ့ နင်တို့က ဘယ်တွေသွားကြမှာလဲ"

"ကျွန်မတို့က အစုံပဲ၊ ကန်တော်ကြီးထဲလည်းရောက်မယ်"

"ဒါဆို ငါ့သူငယ်ချင်းအေးခန့်ကို ခေါ်သွားပေးပါလား ဟာ၊ ဒီကောင်ကြီး ဒီရောက်ကတည်းက ဘယ်မှမရောက်ဖူးသေးဘူး၊ ပြီးတော့ နင်တို့လည်း အဖော်ရတာပေါ့၊ ဟေမာန်လည်း ခြေထောက်က သိပ်ကောင်းသေးတာမဟုတ်တော့ တစ်ခုခုဖြစ်ရင် ယောကျ်ားသားပါတော့ အကူအညီရတာပေါ့"

အောင်ကြီးက ရှည်လျားစွာ ရှင်းပြသည်။ စံပယ်နဲ့ ဟေမာန်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ဟေမာန်က စံပယ့်ကို အသာအယာ ခေါင်းဆတ်ပြလိုက်တော့ စံပယ်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ခေါ်သွားပေးမယ်လေ၊ ဒါနဲ့ ကိုအေးခန့်က ဘယ်မှာလဲ"

"မြို့ထဲမှာဟ၊ ချောက်နံရံတွေကို ပေါက်တူးနဲ့ ဖြိုချပြီး မြေဖို့နေလေရဲ့"

"ဘာဖြစ်လို့လဲ"

"ဟိုတစ်ခါ ဟေမာန်ပြုတ်ကျသွားတဲ့ နေရာမှာ နောက် ဒီလိုမဖြစ်ရအောင်တဲ့လေ၊ ပြောလည်းမရပါဘူးဟာ၊ ခဏလေး စောင့်ဦး၊ ငါသွားခေါ်လိုက်ဦးမယ်"

အောင်ကြီးက နေရာမှပြေးထွက်သွားသည်။ အောင်ကြီး ထွက်သွားတော့ စံပယ်က ဟေမာန့်ကိုကြည့်၍. . .

"စာရေးဆရာကြီးက နင့်အပေါ် တော်တော်စိုးရိမ်နေပုံ ရတယ်ဟ၊ အပင်ပန်းခံပြီး ချောက်တွေဘာတွေဖို့လို့၊ တော်တော် များ ပင်ပန်းနေပြီလားမသိဘူး"

"သိချင် အစ်မသွားမေးပါလား"

ဟေမာန်က ဘုဆတ်ဆတ်ပြန်ပြောလိုက်၏။ စံပယ်က မချိုမချဉ်ပြုံး၍. . .

"နင့်အတွက်ဖို့တာ၊ နင်သွားမေးပေါ့ဟ. . . ဟီဟီ"

ဟေမာန်က ဘာမှဆက်မပြော။ မျက်စောင်းသာ တစ်ချက်ထိုး၍ ငြိမ်နေလိုက်၏။ ခဏကြာတော့ ချွေးသံတရွှဲရွှဲနှင့် အေးခန့် ရောက်လာ၏။ သူ့နောက်မှာ အောင်ကြီးလည်းပါလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အေးခန့်က သူမတို့နှစ်ယောက်ကိုတွေ့တော့ ပြုံးပြသည်။ အောင်ကြီးက အေးခန့်ကိုလှမ်း၍. . .

"ရေအမြန်ချိုး အဝတ်အစားလဲပြီး ထွက်ခဲ့တော့ ဟော့ကောင်၊ တော်ကြာ မင်းကိုမစောင့်ဘဲ ထွက်သွားရင် ငါ့တာဝန် မဟုတ်ဘူးနော်"

အေးခန့်က မောနေသည့်ကြားမှ အမောတကောလေသံနှင့်. . .

"ဒါဆို ခဏ. . . ခဏလေးပဲစောင့်ပါဗျာ၊ ကျွန်တော် ရေအမြန်ချိုးပြီး ထွက်လာပါ့မယ်"

"ရပါတယ်၊ အေးအေးဆေးဆေးလုပ်ပါ၊ ကိုအောင်ကြီးက စနေတာပါ"

ထိုစကားကို ငြိမ်နေသော ဟေမာန်က ဝင်ပြောလိုက်ခြင်း ဖြစ်၏။

စံပယ်က ဟေမာန်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ ဟေမာန် မျက်စောင်းတစ်ချက်ထိုးလိုက်တော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အမီအရ ၁၁၁

111

အရင်ဆုံး ပွဲကောက်ရေတံခွန်ကို ရောက်၏။

သာယာလှပသော ပွဲကောက်ရေတံခွန်၏ ပတ်ဝန်းကျင်အလှကြောင့် အေးခန့် တော်တော်လေး သဘောခွေ့ကာနေသည်။ သူက ရေတံခွန်ဆိုတာကို အခုလို မျက်ဝါးထင်ထင် ပီပီပြင်ပြင် မြင်ခဲ့ဘူးသူမဟုတ်။ အခုမှတွေ့ရ၍ တော်တော်လေးပျော်နေသည်။ ထို့နောက် တံတားလေးအတိုင်း လျှောက်သွားပြီး ကြိုးတံတားဘက်သို့ လျှောက်လာခဲ့သည်။ ကြိုးတံတားကိုမတက်မီ လမ်းဘေး၌ ဆိုင်ခန်းလေးများကို တွေ့ရ၏။ အများဆုံးက ဝိုင်အရက်အမျိုးမျိုးနှင့် ဒေသထွက်ပစ္စည်းများ

www.burmeseclassic.com



ရောင်းသော ဆိုင်များဖြစ်သည်။

"ကိုအေးခန့် ဝိုင်သောက်မလား"

စံပယ်က စကားစသည်။ အေးခန့်က. . .

"အခုတော့မသောက်ချင်ဘူး၊ ဝယ်တော့ဝယ်သွားချင်တယ်"

ဆိုပြီး ဝိုင်တစ်လုံး ဝယ်ဖြစ်၏။ ထို့နောက် သူတို့ ကြိုးတံတားလျှောက်ကြသည်။ ဟေမာန်က ခြေထောက်နာနေ၍ စံပယ်က ဘေးကဖေးမကာလျှောက်သည်။ အေးခန့်က အနောက်က အသာအခြေအနေကြည့်ကာ လိုက်၏။ ကြိုးတံတားက လမ်းလျှောက်လိုက်တိုင်း လှုပ်နေသောကြောင့် မိန်းကလေးတွေ မပြောနှင့် အေးခန့်တောင် တစ်ချက်တစ်ချက် ရင်တုန်ကာသွား၏။ ထို့နောက် ကြိုးတံတားလျှောက်ပြီးသွားတော့ ရေတံခွန်ဘက် တစ်ချက်သွားလိုက်ကာ ဆော့ကြပြုကြရင်းနှင့် အချိန်ခဏဖြုန်းပြီး ကားဆီသို့ သူတို့ပြန်လာခဲ့လိုက်တော့၏။ ကားကလည်း အောင်ကြီးအသိကားဖြစ်နေ၍ သူတို့သွားသမျှ စိတ်ရှည်လက်ရှည် လိုက်ပို့ပေးပါသည်။

"ကဲ. . . ကိုယ့်ညီတို့ ဘယ်သွားမလဲ"

ကားဆရာ ကိုအေးမြင့်က မေးသည်။ ဟေမာန်က. . .

"ထီးလှိုင်ကို အရင်မောင်း၊ အဲဒီမှာ အအေးသောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးကိုသွားမယ်"

ကားဆရာက ခေါင်းညိတ်ကာ သူတို့တက်ပြီးသွားတော့ ကားကို အသာမောင်းထွက်လိုက်ပါတော့သည်။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ကို အေးခန့်က ဒီကိုတစ်ခေါက်မှ မရောက်ဖူးဘူးလား"

ဟု စံပယ်ကမေးသည်။ အေးခန့်က အအေးတစ်ငုံသောက်လိုက်ရင်းမှ ခေါင်းခါပြလိုက်ကာ. . .

"မရောက်ဖူးဘူးဗျ. . . ဒီတစ်ခါ ပထမဆုံးအကြိမ်ပဲ"

"ဪ"

ထို့နောက် သူတို့စကား ခဏပြတ်သွားကြသည်။ ခဏကြာတော့မှ ပေမာန်က စကားစ၍. . .

"ဒါနဲ့ ကိုအေးခန့်က ဒီမှာစာလာရေးတာဆိုတော့ ပြီးပြီ

ဒီ ၊ မို ၊ ၈ ၁ ၄ ပ

www.burmeseclassic.com

www.burmeseclassic.com



လား"

"မပြီးသေးပါဘူးဗျာ. . . အခုမှရေးနေတုန်းပါ၊ ဘာဖြစ်လို့လဲ၊ စာမြန်မြန်ရေးပြီးတော့ ကျွန်တော့်ကို မြန်မြန်ပြန်စေချင်ပြီထင်တယ်၊ ဟဲ ဟဲ"

"မဟုတ်ပါဘူး၊ မေးကြည့်တာပါ"

အေးခန့်က နောက်လိုက်တော့ ဟေမာန်က ပြုံးကာပြန်ပြောသည်။ သူတို့ရဲ့ဆက်ဆံရေးအခြေအနေက တဖြည်းဖြည်း အဆင်ပြေလာပြီဖြစ်သည်။ ဟေမာန်စိတ်ထဲမှာလည်း အရင်က ဖြစ်ခဲ့တဲ့ ကိစ္စတွေအတွက် အာဃာတမထားတော့။

စံပယ်က အေးခန့်ကို ပြုံး၍ကြည့်ကာ. . .

"ကိုအေးခန့်"

"ဗျ"

"အခုဆို ကိုအေးခန့်နဲ့ ကျွန်မတို့က မိတ်ဆွေတွေဖြစ်သွားကြပြီဆိုတော့ ကိုအေးခန့်အကြောင်းလေးတော့ ပြောပြသင့်တယ်ထင်တယ်"

"ကျွန်တော့်အကြောင်း ဟုတ်လား၊ ကျွန်တော့်အကြောင်းက ဘာမှထွေထွေထူးထူး မရှိပါဘူးဗျာ၊ တောက ရန်ကုန်တက်လာတယ်၊ ပြီးတော့ စာပေနယ်ထဲကို ဝင်လိုက်တယ် ဒါပါပဲ"

"မဟုတ်ဘူးလေ. . . ကျွန်မဆိုလိုတာက ဟိုဟာ. . . ဘယ်လိုပြောရမလဲ၊ ကိုအေးခန့်ရဲ့ ကလောင်နာမည်ကိုပြောထား

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ကျွန်မတို့ကို ပြောပြသင့်တယ်ထင်တယ်လို့"

အေးခန့် တစ်ချက်တွေဝေသွားသည်။ နောက်တော့ သက်ပြင်းကို ခပ်မျှင်းမျှင်းလေးချလိုက်ကာ. . .

"ကျွန်တော့်ကလောင်နာမည်က မိုးသက်ဝေပါ၊ ညီမတို့ ကြားဖူးကြမယ်မထင်ပါဘူး"

စံပယ်နဲ့ဟေမာန်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ တကယ်လည်း သူတို့ ထိုနာမည်ကို မကြား ဘူးကြပေ။ သို့သော် ဘာမှတော့ ပြန်မပြောဘဲ ငြိမ်နေမိ၏။ အေးခန့်က ကောင်မလေးနှစ်ယောက်ကို ကြည့်၍ မချိပြုံးလေး တစ်ချက်ပြုံးလိုက်ကာ. . .

"ကျွန်တော်ပြောသားပဲ ညီမတို့ ကြားဖူးကြမယ်မထင်ပါ ဘူးလို့"

အေးခန့်စကားဆုံးတော့ စံပယ်ကဝင်၍. . .

"ဒါနဲ့ ကိုအေးခန့်က လုံးချင်းဘယ်နှစ်အုပ်ထွက်ပြီးပြီလဲ"

"တစ်အုပ်မှမထွက်ရသေးဘူး"

"ဟင်"

"ရှင်"

ကောင်မလေးနှစ်ယောက်က အံ့အားသင့်သွားကြသည်။ အေးခန့်က သက်ပြင်းလေးကိုချကာ ခေါင်းကို ဖြည်းညှင်းစွာ ညိတ်လိုက်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်တော်က ခင်ဗျားတို့ထင်ထားသလို နိုင်ငံကျော်စာရေးဆရာတစ်ယောက် မဟုတ်ပါဘူးဗျာ၊ အခုမှ လုံးချင်းဝတ္ထုလေးစရေးပြီး ဒီလောကထဲ ခြေချဖို့ ကြိုးစားနေတဲ့သူ ပါ၊ ဒီ့အရင်တော့ ဝတ္ထုတိုလေး သုံးလေးပုဒ်လောက် မဂ္ဂဇင်းတွေ မှာ ပါဘူးပါတယ်"

"ဪ. . . ကျွန်မတို့ကို ကိုအောင်ကြီးကပြောတော့ ရှင်က နိုင်ငံကျော်စာရေးဆရာလို့ပြောလို့ မေးကြည့်တာပါ၊ ကျွန်မ တို့ကလည်း ဝတ္ထုဖတ်တယ်လေ၊ အဲဒါကြောင့် ကျွန်မတို့ဖတ်ဖူးတဲ့ ဝတ္ထုတွေထဲမှာများ ရှင့်စာအုပ်ပါမလားလို့ပါ"

အေးခန့်က ခပ်ယဲ့ယဲ့ တစ်ချက်ပြုံးလိုက်သည်။ ပြီးမှ. . .

"အောင်ကြီးတို့ ကျွန်တော်က လိမ်ထားတာပါ၊ ကျွန်တော်က သူ့ဆီလာပြီး စာရေးချင်လို့ လိမ်လိုက်တာပါ၊ သူငယ် ချင်းအချင်းချင်း နောက်လိုက်တဲ့သဘောလည်း ပါတာပေါ့၊ ပြီးတော့ သူက လိမ္မော်ခြံပိုင်ရှင်ကြီးဖြစ်နေတော့ မခံချင်တဲ့ သဘောနဲ့ ပြောလိုက်တာလည်းပါပါတယ်"

စံပယ်နဲ့ဟေမာန်က တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်ကာ ပြုံးလိုက်ကြသည်။ အေးခန့်က ခဏနေ တော့ တစ်စုံတစ်ခုကို တွေးမိလိုက်ဟန်နှင့်. . .

"ကျွန်တော့်ကို တစ်ခုတော့ ကတိပေးပါဗျာ"

ရုတ်တရက်ပြောလိုက်သော စကားကြောင့် စံပယ်၏

www.burmeseclassic.com

www.burmeseclassic.com



ဟေမာန်က အေးခန့်ကို ကြောင်တောင်တောင်နဲ့ ကြည့်ကြသည်။ အေးခန့်က သူ့ကိုကြည့်နေသော ကောင်မလေးနှစ်ယောက်ကို ကြည့်၍. . .

"ဒီအကြောင်းတွေကို အောင်ကြီးကို သွားမပြောပါနဲ့နော်"

"ဘာဖြစ်လို့လဲဟင်"

ဟေမာန်က ထပ်မေးလိုက်ခြင်းဖြစ်၏။ အေးခန့်က. . .

"ကျွန်တော့်ကို သူ့လိမ္မော်ခြံမှာ မထားတော့ဘဲ ပြန်လွှတ်မှာစိုးလို့ပါဗျာ"

အေးခန့်က မျက်နှာငယ်လေးဆိုလိုက်တော့ ဟေမာန့်စိတ်ထဲ တော်တော်စိတ်မကောင်းဖြစ်သွားရ၏။ ထို့ကြောင့် မျက်လွှာလေးချကာ အသာအယာလေး ခေါင်းညိတ်ပြလိုက်ပါသည်။ စံပယ်ကလည်း သက်ပြင်းလေးချ၍ ခေါင်းညိတ်ကာပြလိုက်၏။ အေးခန့် သူမတို့ကိုကြည့်၍ တော်တော်လေးပျော်သွားသည်။ ထို့နောက်. . .

"ဟား. . . ကျေးဇူးတင်လိုက်တာဗျာ၊ ဒီဝိုင်း ကျွန်တော်ရှင်းမယ်နော်"

"မလုပ်ပါနဲ့. . . ကျွန်မတို့ရှင်းပါ့မယ်"

"မဟုတ်တာဗျာ. . . ကျွန်တော် ဒီလောက်တော့ရှင်းပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . လာဘ်ထိုးတာပေါ့ ဟုတ်လား"

စံပယ့်စကားကြောင့် အားလုံး ရယ်လိုက်ကြ၏။ ထိုရယ်သံများကြောင့် သူတို့ခင်မင်မှုများသည် အရင်ကထက် ပိုလာသည်ဟု ထင်မိလိုက်ပါတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

www.burmeseclassic.com



**အေး**ခန့်သည် နောက်ပိုင်းရက်များတွင် နေရ ထိုင်ရတာ ပိုပျော်လာသည်။ သူ့အတွက် ပို၍ အမိပွာယ်ရှိလာသည်ဟု ထင်မိ၏။ ဟေမာန်နှင့် စံပယ်တို့ကလည်း မြို့ထဲသွားမည့်ရက်တွေဆို သူ့ကို အဖော်ညှိလာသည်။ သူကလည်း မအားတဲ့ရက်တွေမှလွဲ၍ ခေါ်တိုင်းလိုက်၏။ အောင်ကြီးက အေးခန့်နဲ့ ကောင်မလေးတွေရဲ့ ဆက်ဆံရေးကိုကြည့်၍ ရင်လေးနေမိ၏။ ကြာရင် လွယ်တော့မဲ့ပုံမပေါ်ပေ။ အေးခန့်ဘက်ကလည်း ဟေမာန့်အပေါ် တော်တော်လေး စိတ်ဝင်စားနေပြီဆိုတာကို ရိပ်စားမိလာ၏။ အေးခန့်ဆိုတဲ့ ကောင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းနေမည်မဟုတ်။ အခါအခွင့်သင့်တာနဲ့ ဟေမာန့်ကို ဖွင့်ပြောလိမ့်မည်။ အကယ်၍များ အေးခန့်နဲ့ဟေမာန် ချစ်သူ တွေဘဝ ရောက်သွားရင်တော့ သူ့အနေနှင့် ငါးပါးမှောက်ပေ တော့မည်။

တစ်ဖက်ကလည်း သူ့အလုပ်ရှင်ရဲ့သမီး။ အေးခန့်က တော့ ဒါတွေသိပုံမရ။ အေးဘုံရဲ့ ညီမဝမ်းကွဲဟုသာ ထင်ထား သည်။ တစ်ဖက်ကကျပြန်တော့လည်း အခင်ဆုံးသူငယ်ချင်း။ သူဘယ်လိုလုပ်ရမလဲ။

တွေးကြည့်ရင်းနှင့် ရင်တွေလေးကာ သက်ပြင်းတွေသာ အခါခါချမိပါတော့သည်။ အေးခန့်ကိုတော့ ဒီတစ်ခါတွေ့ရင် ဒီကိစ္စ သေသေချာချာ မေးကြည့်မှ ဖြစ်လိမ့်မည်ဟု ရင်ထဲတွေး ထားလိုက်ပါ၏။ ထိုအချိန်တွင် အေးဘုံ သူ့အနားသို့ရောက်လာ သည်။ အောင်ကြီးက အေးဘုံကိုကြည့်၍. . .

"အေးခန့် တွေ့မိလား"

အေးဘုံက မျက်နှာကိုမဲ့ကာ လက်ခါပြ၏။ အောင်ကြီး က. . .

"ဘယ်သွားလဲ"

အေးဘုံက. . .

"ထုံးစံအတိုင်း ဘယ်ရုံညာရုံ ခြံရုံပြီး ရုက္ခဗေဒဘက်သွား မယ်ဆို ထွက်သွားလေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးက သက်ပြင်းကို ချလိုက်၏။ ထို့နောက် အေးဘုံကို လှည့်ကြည့်၍. . .

"အေးဘုံ"

"ဘာလဲ"

"ငါ နင့်ကိုပြောစရာရှိလို့ဟ"

"ပြောလေ"

"နင် ဟေမာန်နဲ့ အေးခန့်ကို ဘယ်လိုမြင်လဲ"

"သူတို့က ဘာဖြစ်နေလို့လဲ"

"ငါ့အမြင်တော့ နှစ်ယောက်စလုံး တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ရှိနေပုံပဲ၊ နင်ရော ဘယ်လိုမြင်လဲ"

အေးဘုံ ခဏငြိမ်သွားသည်။ အတော်လေးကြာတော့မှ

"ဟုတ်တယ်၊ ကျုပ်လည်း အဲဒီလိုပဲမြင်တယ်၊ ကောင်မလေးဘက်ကလည်း အေးခန့်ကို တော်တော်ခင်နေပုံပဲ"

အောင်ကြီးက အေးဘုံစကားဆုံးတော့ ခေါင်းကိုကုတ်လိုက်ကာ. . .

"ငါ အဲဒါကို စိတ်ညစ်နေတာ၊ ငါ အဲဒါကို စိတ်ညစ်နေတာ၊ တကယ်လို့ သူတို့နှစ်ယောက်သာ ငြိသွားကြရင် ဦးဘစိတ ငါ့ကိုခတ်လိမ့်မယ်ဟ၊ ငါ့ဆီလာထားတာ ဘာပညာမှတတ်မသွားတဲ့အပြင် ရည်းစားတစ်ယောက်ပါ ရသွားတယ်ဆိုတော့ ငါသေပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပေါ့၊ ဒါတွေအားလုံး ရှင်စခဲ့တဲ့ကိစ္စတွေပဲလေ၊ ရှင်မွေးခဲ့တဲ့မီးပဲ၊ ရှင့်ဘာသာရှင် ငြိမ်းအောင်ငြိမ်း"

"အခုဟာက အမှိုက်ကစ ပြဿဒ်မီးလောင်မဲ့ကိန်းဟ"

ထိုအချိန်တွင် ခြံထဲသို့ အေးခန့်နဲ့ကောင်မလေး နှစ်ယောက် ပျော်ရွှင်စွာ ဝင်လာကြ၍ သူတို့ စကားစပြတ်သွားကြ၏။ စံပယ်နဲ့ ဟေမာန်က အေးဘုံအတွက် ဆွယ်တာလေး တစ်ထည် ဝယ်လာပေးသည်။ အေးခန့်က ကြွပ်ကြွပ်အိတ်နဲ့ ထုတ်လာသော အရက်ပုလင်းကို အသာလေး ဟပြလိုက်၏။ ခါတိုင်းအချိန်ဆို အရက်ပုလင်းမြင်လျှင် အောင်ကြီးခမျာ တော်တော်လေးပျော်သွားမည် ဖြစ်သော်လည်း အခုတော့ မပျော်နိုင်။

အေးခန့်ကတော့ မိုးမမြင်လေမမြင် ပျော်နေ၍ ပြုံးပြုံး ကြီးလုပ်ကာ အိမ်ထဲသို့ ရင်ကော့ဝင်သွားပါတော့သည်။ အောင်ကြီးတစ်ယောက်သာ ရှေ့ရေးကိုတွေးရင်း ခေါင်းကြီးခါ၍ ကျန်ခဲ့ပါတော့၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ညဘက်ရောက်တော့ လကလေးကသာသာ၊ ညလေလေးက အေးအေးနှင့် အိမ်ရှေ့ကွပ်ပျစ်လေးပေါ်တွင် အရက်ဝိုင်း ဖွဲ့လိုက်ကြသည်။ အေးဘုံက သူတို့အတွက် ပဲခြမ်းကြော်သုပ်နှင့် ဆတ်သားခြောက်လေးဖုတ်ကာ ဆီဆမ်းပေးထားသည်။ အေးခန့်က ဝိုင်းစတော့ အရက်ပုလင်းကိုဖွင့်ကာ တစ်ခွက်စီငှဲ့လိုက်ရင်း အောင်ကြီးရှေ့သို့ တစ်ခွက်ချပေး၏။ သူလည်း တစ်ခွက်ယူ၍ ရေကို အလောတော်ရောကာ ခပ်များများ တစ်ငုံငုံ၍ မျိုချလိုက်ပါတော့သည်။

"အား. . . ကောင်းလိုက်တာကွာ၊ ဘဲတီးဂွတ်. . ချလေ

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင်”

အေးခန့်စကားဆုံးတော့ အောင်ကြီးက ဘာမှမရောရ သေးသော အရက်ကို ဒီအတိုင်း ဝွပ်ခနဲ သောက်ချလိုက်ပါတော့ သည်။

“ဟ. . . ရေလေးဘာလေး ရောဦးလေ၊ ရေမရောရင် အသေစောနေဦးမယ်၊ မင်းအသေစောတာ အရေးမကြီးဘူး တော်ကြာ ငါနဲ့အမျိုးမတော်ရဘဲ နေနေဦးမယ်”

“ဘယ်လို. . . မင်းနဲ့ငါက အမျိုးတော်ရမယ် ဟုတ်လား”

“ဟုတ်တယ်လေ. . . ဘာလဲ မင်းက မတော်ချင်ဘူး လား”

အောင်ကြီးက ဘာမှပြန်မပြော ပြူးကြောင်ကြောင်နဲ့ ကြည့်နေ၏။ အေးခန့်က လက်ကျန်ကို တစ်ချက်တည်းရှင်းလိုက်၍ စကားကိုဆက်သည်။

“ဟုတ်တယ်ကွ. . . ငါ ဟေမာန့်ကို ချစ်မိနေပြီ၊ ဘယ်လို မှ နေလို့မရတော့ဘူးကွာ၊ အဲဒါ မင်းပြောပေးပါလား”

“ဘာ”

“ဟာ. . . လန့်လိုက်တာကွာ၊ ဘယ်လိုဖြစ်တာလဲ၊ အပေါ်မှာအိပ်နေတဲ့လူတွေ နိုးကုန်ဦးမယ်”

“မင်း. . . မင်း ခုနဘာပြောလိုက်တာလဲ”

“ငါ. . . ဟေမာန့်ကိုချစ်နေပြီလို့ ပြောတာလေ၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ငါမပြောရဲလို့ မင်းပြောပေးပါလားလို့၊ ဘာလဲ မင်းက မင်းခယ်မကို ဖြစ်နေတာလား"

အောင်ကြီး ပါးစပ်ဟောင်းလောင်းပွင့်သွားသည်။ သူထင်ထားတဲ့ အခြေအနေသို့ စတင်ချဉ်းနင်းဝင်ရောက်လာပြီဟုသိလိုက်၏။ ရှေးလူကြီးတွေပြောခဲ့တာ သိပ်မှန်သည်။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းညိ၏။ ချဉ်သီးနဲ့ဆားအတူတူထားလည်း လျှာဖျားကျွေ့မရ ဖြစ်တတ်လေသည်။ အခုကိစ္စက ဘယ်သူကဆား၊ ဘယ်သူကချဉ်သီးမှန်းတော့မသိ အေးခန့်တစ်ယောက်တော့ ကျွေ့မရတော့ပေ။

"ရတယ်လေ. . . မင်းမပြောပေးလည်းနေ ငါ့ဘာသာငါ ပြောမယ်၊ အေးပေါ့လေ မင်းက လိမ္မော်ခြိုပိုင်ရှင် သူဌေးကြီးဖြစ်နေပြီဆိုတော့ ငါ့လိုကောင်ကို ဘယ်လိုလုပ် မယားညီအစ်ကို တော်ချင်မှာလဲ"

အောင်ကြီးခမျာ သက်ပြင်းချရုံအပြင် ဘာမှမလုပ်တတ်တော့ပေ။ အခုချိန်ခါကြမှ အမှန်အတိုင်းပြောလို့လည်း ဘယ်လိုမှမဖြစ်နိုင်တော့ပေ။ အဲ. . . တစ်ခုပဲ ဆုတောင်းဖို့ရှိသည်။ ဟောမာန့်ဘက်က အေးခန့်ကို ငြင်းလိုက်လျှင် ဒီကိစ္စပြတ်ပြီ။ သို့သော် ထိုဆုတောင်းကလည်း ဖြစ်နိုင်ပါ့မလားဆိုတာ မသေချာ။

"ဟေ့ကောင် ဘာငိုင်နေတာလဲ သောက်လေ၊ ဘာလဲ မင်းက ဘော်ဒါအချင်းချင်း ဖောင်းတာလား"

www.burmeseclassic.com

www.burmeseclassic.com



အေးခနဲ့ နည်းနည်း ရေချိန်မှန်လာပြီဆိုတာ သိလိုက်ရဲ့။ ထို့ကြောင့် ဘာမှပြန်မပြောတော့ဘဲ ခွက်သာကောက်ကိုင်လိုက်ပါတော့၏။' အေးခနဲ့ကတော့ လမင်းကြီးကို ကြည့်ကာ ဘာတွေသဘောကျနေလဲမသိ ပြုံးစိစိနှင့်. . .။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွေစပြီး အေးခန့်သည် ဟေမာန် တစ်ယောက်တည်း ရှိနေမဲ့အချိန်ကို ချောင်းနေလေသည်။ သူပဲ ကံမကောင်းတာလားတော့မသိ ဟေမာန်တအခုနောက်ပိုင်း တစ်ယောက်တည်းရှိနေတဲ့အချိန်တွေ မရှိသလောက် ဖြစ်နေသည်။ စံပယ်နဲ့ပဲ ဖြစ်ဖြစ်၊ အေးဘုံနဲ့ပဲဖြစ်ဖြစ် တစ်ယောက်မဟုတ်၊ တစ်ယောက်ယောက်နဲ့ ရှိနေတတ်၏။ သို့သော် ကံကြမ္မာက အေးခန့်ကို ကြာကြာ မပိတ်ဆီးထားနိုင်ပါ။ အေးခန့်ကလည်း မိုးလင်းကမိုးချုပ် ဟေမာန့်ကိုသာ အစိုင်တကြည့်ကြည့် ဖြစ်ခဲနေသောကြောင့် အခုလိုအခွင့်အရေးမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ရရှိသွားခြင်းဖြစ်၏။

တစ်ရက် တစ်အိမ်လုံး ဘယ်သူမှမရှိဘဲ ဟေမာန် တစ်ယောက်သာ အိမ်မှာကျန်ခဲ့၏။ ပထမတော့ အေးဘုံအပါ အဝင် မိန်းကလေးသုံးယောက်လုံး ဘုရားကြီးသွားဖို့ စီစဉ်ထား သည်။ သို့သော် သွားကာနီးမှ ဟေမာန်က နေမကောင်းချင်သလို ဖြစ်လာ၍ အိမ်မှာကျန်ခဲ့သည်။ ထို့ကြောင့် အေးဘုံနဲ့ စံပယ်သာ ဘုရားကြီးသို့ ထွက်သွားသည်။ သူတို့ထွက်သွားပြီး ခဏကြာတော့ အောင်ကြီးက ခြံကိစ္စနှင့် မြို့ထဲသွားသည်။ ဤတွင် ရည်းစားစကား ပြောရန် ကျားချောင်းချောင်းနေသော အေးခန့်အတွက် ရေကန် အသင့်ကြာအသင့်။

သို့သော် ရှတ်တရက်ဆိုတော့ အေးခန့် ဘာလုပ်လို့လုပ် ရမှန်းမသိ ဖြစ်နေရ၏။ ဘယ်ကစရမှန်းမသိ ဖြစ်နေသည်။ ဟေမာန်ကလည်း အပေါ်ထပ်မှာပဲ တောက်လျှောက်ရှိနေ၍ အေးခန့်တစ်ယောက်တည်း ဇအောက်ထပ်၌ တောင်သွားလိုက် မြောက်သွားလိုက်နှင့် ပေတင်ပေပေကြီး ဖြစ်နေရ၏။ အပေါ် တက်ပြီး ပြောရအောင်လည်း အဲဒီလောက်ကြီး အရဲမစွန့်ရဲပေ။ မတော် ပါးချလွှတ်လိုက်မှ ငါးပါးတွေမှောက်ကုန်မည်။ ထို့ကြောင့် အောက်ထပ်မှာပဲ ဟေမာန်ဆင်းလာမဲ့အချိန်ကိုသာ လည်ပင်းဂေါ်း ဖြစ်အောင် စောင့်နေရတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



လှေကားပေါ်မှဆင်းလာသော ခြေသံကြားတာနှင့် အေးခန့် ထိုင်နေရာမှ ထရပ်လိုက်သည်။ လှပသော ခြေဖမိုးလေးတစ်စုံ လှေကားပေါ်မှ ဆင်းလာတာတွေ့လိုက်ရ၏။ အောက်ထပ် ရောက်တော့ ဟေမာန်က အေးခန့်ကို တွေ့လိုက်ရာ. . .

"ဟင်. . . ကိုအေးခန့် ကိုအောင်ကြီးနဲ့ လိုက်မသွားဘူးလား"

"မသွားဘူး. . . ဟေမာန်တစ်ယောက်တည်းဖြစ်နေလို့ နေခဲ့ပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ကိုအေးခန့်ရယ် လိုက်သွားပြီးရော၊ ဟေမာန်က နေတတ်ပါတယ်"

အေးခန့်က ပြုံးလိုက်သည်။ ပြီးနောက်. . .

"ဟေမာန် နေမကောင်းလို့ဆို"

"အင်း. . . ဟုတ်တယ်၊ အခုတော့ ကောင်းသွားပါပြီ၊ မနက်က အီလည်လည်ကြီးနဲ့ ခေါင်းတွေကိုက်နေလို့"

ထိုသို့ပြောရင်း ဟေမာန်က မြို့ထဲသို့ဆင်းလိုက်သည်။ အေးခန့်က အနောက်မှ အသာလိုက်သွားလိုက်၏။ မြို့ရှေ့ရောက်တော့ ဟေမာန်က. . .

"လိမ့်မွှော်မြို့ဘက် ခဏဆင်းရင်း လမ်းလျှောက်ရအောင် ကိုအေးခန့် လိုက်မလား"

"လိုက်မယ်လေ. . . လေကောင်းလေသန့်လေး ရှူလိုက်တော့ ခေါင်းကြည်သွားတာပေါ့"

ထို့နောက် နှစ်ဦးလုံး မြို့ထဲဆင်းလာကြသည်။ ဟေမာန်ရဲ့ ဘေးမှယှဉ်၍ အေးခန့်က လိုက်လာသည်။ မြို့ထဲရောက်သည့် အချိန်အထိ ဘာစကားမှ မစရသေး။ အေးခန့်က ဘယ်ကဘယ်လို စပြောရင်ကောင်းမလဲ စဉ်းစားနေစဉ်မှာပင် ဟေမာန်က. . .

"ကိုအေးခန့်"

"ဗျာ"

"ဟိုနားက ချောက်ကလေးကို မှတ်မိလား"

ဟေမာန်က သူပြုတ်ကျခဲ့ဘူးသော ချောက်ကလေးကိုညွှန်

www.burmeseclassic.com

www.burmeseclassic.com



ကာ ပြသည်။ အေးခန့်က လှမ်းကြည့်၍. . .

"မှတ်မိတာပေါ့၊ ကိုယ့်ဘဝအတွက် တစ်သက်မမေ့နိုင်တဲ့ နေရာလေးပါ"

အေးခန့်စကားဆုံးတော့ ဟေမာန့်မျက်နှာ ရဲခနဲဖြစ်သွား၏။ သူ့စကားသွားစမိလိုက်တာ မှားပြီးဟု သိလိုက်ရသည်။ သူမက တော့ ဘာရယ်မဟုတ် ပြောလိုက်မိခြင်းဖြစ်၏။ နောက်မှ ထိုနေ့က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်တွေးရင်း သတိရမိသွား၍ဖြစ်သည်။ သို့သော် အချိန်လွန်သွားပြီဖြစ်သည်။ ဒါမျိုးအကွက် ချောင်းနေသော အေးခန့်က. . .

"ဟေမာန်"

"ရှင်"

"အဲဒီနေ့လေးကို ဟေမာန်ရော မှတ်မိလားဟင်"

"ဟာ. . . ကိုအေးခန့်ကလည်း ဘာမှန်းမသိဘူး"

"ကိုကတော့ တစ်သက်လုံးသတိရနေမှာ၊ အဲဒီနေ့က ဟေမာန်တစ်ခုခုဖြစ်သွားမှာကို တကယ်စိုးရိမ်ခဲ့ရတာ"

ဟေမာန်က ငြိမ်နေမိသည်။ အေးခန့်က ခွင်ဝင်တုန်း ဆက်ပြော၏။

"အဲဒါ ဘာဖြစ်လို့လဲသိလား"

". . . . . ."

"ဟေမာန်"

". . . . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟေမာန့်ကို ကို အရမ်းချစ်တယ်"

"ရှင်"

ကောင်မလေးဆီက အာမေဋိတ်သံ တစ်ချက်ထွက်ကာလာ၏။ စိတ်ဆိုးဟန်တော့မရှိမှန်း အေးခန့် လေ့လာမိသည်။ ထို့ကြောင့် နောက်တစ်ဆင့်တက်လိုက်ကာ. . .

"အို. . . ကိုအေးခန့်ကလည်း လူမြင်ကွင်းကြီးမှာ"

"ဘယ်သူမှမရှိတာ ကိုယ်တို့နှစ်ယောက်တည်းပဲဟာ။ ဘာမှမဖြစ်ပါဘူး ဟေမာန်ရယ်"

"အို. . . မသိဘူးလွှတ်"

အေးခန့်ကိုင်ထားသော လက်ကလေးကို ဟေမာန်က ဆွဲကာရုန်းသည်။ သို့သော် မရပါ။ အေးခန့်က တစ်ချက်အားယူကာ ဆွဲလိုက်တော့ ဟေမာန့်ခန္ဓာကိုယ်လေး သူ့ရင်ခွင်ဆီသို့ ပြိုဆင်းကာလာ၏။ အေးခန့်က အသာအယာပွေ့ဖက်ထားလိုက်ပါသည်။

"အို"

လေပြည်လေညှင်းများသည် တသုန်သုန်တိုက်ခတ်ကာနေ၏။ ချစ်သူနှစ်ဦး၏ နှုတ်ခမ်းလေးသည် လိမ္မော်ရနံ့များ သင်းပျံ့လျက် နေရောင်ခြည်က မခို့တရို့နှင့် ရှက်ရွံ့စွာ ထိုးကျလျက်ရှိပါတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# “ဘာ”

“အောင်မလေး. . . လန့်လိုက်တာ အောင်ကြီးရာ၊ ဘယ်လိုဖြစ်သွားတာလဲ”

“ဘ. . . ဘ. . . ဘယ်လို မင်းခုနပြောတဲ့စကားတို ပြန်ပြောစမ်းပါဦး ဘယ်လို”

“ငါနဲ့ဟေမာန်နဲ့ ကြိုက်သွားပြီလို့ပြောတာလေ၊ အဲဒါ ဘာဖြစ်လဲ”

အောင်ကြီးသည် ကြက်သေကြီးသေကာ အေးခန့်တို့ ကြည့်နေမိသည်။ ခဏနေတော့မှ အသိဝင်လာကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှ ကွိုင်တက်ပြီ၊ ကွိုင်အကြီးကြီးတက်ပြီ"

"ဘာကွိုင်တက်စရာရှိလဲကွ. . . လူပျိုအပျို ချစ်ကြကြိုက်ကြတာ အဆန်းလား၊ ဘာလဲ မင်းခယ်မနဲ့ ငါနဲ့က မတူလို့လား၊ မတန်လို့လား"

"ဟား. . . မင်းမသိဘူးနော် အေးခန့်၊ မင်းမသိဘူးနော်"

အောင်ကြီးက ကြိတ်မနိုင်ခဲမရအသံကြီးနှင့် ဆို၏။ အေးခန့်ကတော့ ဘာမှသိသူမဟုတ်တော့ ခပ်အေးအေးအမူအရာနှင့်ပင် အောင်ကြီးကိုကြည့်၍. . .

"မင်းဘာသာမင်း ဘာပဲဖြစ်နေနေ ဟော့ကောင်၊ ငါကတော့ ဟေမာန့်ကို ဘဝတစ်သက်စာအတွက် ရည်မှန်းလိုက်ပြီ၊ ဘယ်သူခွဲခွဲ တို့မကွဲပဲ သူငယ်ချင်း"

"လုပ်ကြပေါ့ကွာ၊ လုပ်ကြပေါ့"

"လုပ်မှာပါ စိတ်ချ၊ ဒီတစ်ခါ ဟေမာန် ရန်ကုန်ပြန်ရင် ငါပါတစ်ခါတည်းလိုက်သွားမယ်၊ ပြီးတော့ သူ့မိဘတွေနဲ့ပါ မိကောင်းဖခင်သားသမီးပီပီ သွားတွေ့မယ်"

"ဘုရား၊ ဘုရား"

အောင်ကြီးမျက်လုံးသည် နှစ်ဆလောက် ပြူးထွက်သွားသည်။ ထို့နောက် အေးခန့်က လေကလေးချွန်၍ အောင်ကြီးရှေ့က ထွက်သွားပါတော့၏။ အောင်ကြီးခမျာ ဘာလုပ်လို့လုပ်ရမှန်းမသိတော့၊ လူကံ မတ်တတ်ကြီးမေ့ကာ ကျန်ခဲ့လေတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ချစ် သူအချင်းချင်း ချစ်ကြပြီဆိုတော့လည်း ထုံးစံအတိုင်း မိုးမမြင်လေမမြင်ပေါ့။ မနက်ဆို အေးခန့် အိပ်ရာထတာနှင့် ဟေမာန်နဲ့အတူတူ လက်ဖက်ရည်ဆိုင်သွားသည်။ နေ့လယ်ဆို ထမင်းအတူတူစားကြ၏။ ညနေဆို လိမ္မော်ခြံလေးထဲ ချစ်သူနှစ်ဦး ကလူ၏သို့မြူ၏သို့ လုပ်ကာ လမ်းအတူတူလျှောက်ကြ၏။ တစ်ခါတစ်ရံ ဖျင်းလျှင် မြို့ထဲဘက်ထွက်လည်လိုက်ကြသေးသည်။

သူတို့က ပျော်နေသော်လည်း အောင်ကြီးခမျာ အလုပ်တောင် ကောင်းကောင်းမလုပ်နိုင်တော့။ ဘုရားကိုသာ နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးနေမိပါတော့၏။ တစ်ရက် အေးခန့်၊ စံပယ်၊ ဟေမာန်တို့သုံးဦး မြို့ထဲသွားလည်ကြစဉ် အိမ်၌ အေးဘုံနှင့်အောင်ကြီး နှစ်ယောက်သာကျန်ခဲ့သည်။ အေးခန့်တို့ထွက်သွားပြီး ခဏအကြာ အေးဘုံကလည်း တစ်ဖက်ခြံသို့ အိမ်လည်ထွက်သွား၏။ ထို့ကြောင့် အောင်ကြီးတစ်ယောက်တည်း အိမ်ရှေ့ကွပ်ပျစ်လေး၌ အေးအေးလူလူထိုင်နေစဉ် အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။ ပထမတော့ အေးခန့်တို့ ပြန်ရောက်လာသည်ဟု ထင်မိသော်လည်း ကားပေါ်က ဆင်းလာသူကို တွေ့လိုက်ရချိန်တွင် အောင်ကြီးသည် ရုတ်တရက် အကြောက်လွန်သွားကာ ကြောင်စီစီကြီး ဖြစ်သွားရလေသည်။

"ဆ. . . ဆ. . . ဆရာ"

ကားပေါ်မှ အသက် (၅၀)ကျော် ဥပမိရုပ်ကောင်းကောင်းနှင့် လူကြီးတစ်ယောက် ဆင်းလာသည်။ ထိုလူကြီးက ကားပေါ်မှ ဆင်းဆင်းချင်း ကွပ်ပျစ်ပေါ် ကြောင်စီစီနှင့် ထိုင်နေသော အောင်ကြီးကို လှမ်းကြည့်၍. . .

"ဟေ့ကောင်. . . လာစမ်း ပစ္စည်းတွေလာသယ်"

အောင်ကြီးသည် ထိုအချိန်အထိ သတိမလည်သေး။ ပါးစပ်ကြီး ဟောင်းလောင်းပွင့်ကာ ဦးဘစိကို ကြည့်နေသေးသည်။ ဦးဘစိက စိတ်မရှည်တော့သည့်လေသံနှင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . ငါခေါ်နေတယ်လေ၊ မကြားဘူးလား၊ တောက် ဒီကောင်တော့ကွာ"

ဟု ဆိုလိုက်တော့မှ သွေးရူးသွေးတန်းနှင့် အိမ်နောက်ဖေးသို့ ထွက်ပြေးမလို လုပ်လိုက်၏။ ပြီးမှ သတိဝင်သွားကာ ဦးဘစိထံ အပြေးအလွှား သွားကြိုလိုက်ပါတော့သည်။

"ဆ. . . ဆရာက လာမယ်ဆိုလည်း ကြိုမပြောဘူး"

ဦးဘစိက အောင်ကြီးလက်ထဲသို့ သူ့အဝတ်ထုပ်ကို ထည့်ပေးလိုက်ရင်း. . .

"ငါက မင်းတို့ ဘာတွေလုပ်နေလဲဆိုတာ အငိုက်ဖမ်းချင်လို့ ဘယ်သူ့မှအသိမပေးဘဲလာတာ၊ ဒါနဲ့ ငါ့သမီးနဲ့ ငါ့တူမရော"

"ဗျာ"

"ငါ့သမီးနဲ့ ငါ့တူမရောလို့ မေးနေတာလေ"

"သ. . . သ. . . သ. . . သူတို့. . . မြို့. . . မြို့ထဲသွားတယ်ဗျ"

"မင်းကြည့်ရတာ ဘာဖြစ်နေတာလဲ အူတိအူကြောင်နဲ့"

"ဘ. . . ဘာမှမဖြစ်ပါဘူးဆရာ"

"တဲ. . . အဲဒါဆို ဒီအထုပ်တွေယူသွား၊ သွားတော့ ကားဆရာ ကားခရော့"

ဦးဘစိက ကားခရှင်း၍ အောင်ကြီးနောက်မှ လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်လာသည်။ အောင်ကြီးက ကုလားထိုင်တွေပေါ် အထုပ်တွေနေရာချ၍ ဦးဘစိနားမှာ ယို့ယို့လေးရပ်နေလိုက်၏။ ဦးဘစိက သင့်တော်ရာခုံတစ်လုံးတွင် ဝင်ထိုင်၍. . .

"မင်းညီမတွေရော အလုပ်ကြိုးစားရဲ့လား"

"ဗျာ"

"ဟာ. . . ဒီကောင် ဘာဖြစ်နေတာလဲ၊ နားများလေးနေလား၊ မင်းညီမတွေ အလုပ်ကြိုးစားလားလို့ မေးနေတာ"

အောင်ကြီးက ယောင်ကန်းကန်းနှင့် ခေါင်းညိတ်ပြ၍. .

"ကြိုး. . . ကြိုးစားပါတယ်ဆရာ"

ဦးဘစိက ကျေနပ်သွားဟန်နှင့် ပြုံးပြုံးကြီးဖြစ်သွားသည်။ ထို့နောက် အိမ်ထဲကို တစ်ချက်လှမ်းကြည့်၍. . .

"အေးဘုံလည်းမတွေ့ပါလား ဘယ်သွားလဲ"

"ဟိုဘက်ခြံသွားပါတယ်ဆရာ"

"ဟုတ်လား. . . သွားခေါ်စမ်းကွာ တွေ့ရအောင်"

ဦးဘစိ စကားဆုံးသည်နှင့် အောင်ကြီး လှစ်ခနဲပြေးထွက်ကာသွားသည်။ လောလောဆယ် ဦးဘစိရှေ့တွင်နေရတာ စိတ်ကျဉ်းကြပ်လှ၏။ ထို့ကြောင့် မြန်မြန်လွတ်ရင်ပြီးရောဆိုပြီး ထွက်လာခြင်းဖြစ်သည်။ ခေါင်းထဲမှာတော့ ရှေ့ရေးအတွက် ဘယ်လိုရင်ဆိုင်ရမှန်းမသိသေးပေ။ အေးဘုံကိုတွေ့မှ ထိုကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ရဦးမည်။ မိန်းမတွေက ယောကျ်ားတွေထက် ကျဉ်းထဲကြပ်ထဲတွင် အကြံဉာဏ်ပိုထွက်တတ်သည်ဟု သူကြားဖူးထား၏။

အောင်ကြီးထွက်သွားပြီး မကြာမီ အေးခန့်တို့ပြန်ရောက်လာလေသည်။ အေးခန့်တို့က ဦးဘစီရောက်နေတာကို မသိသေးဘဲ ရယ်ရယ်မောမောနှင့် ခြံထဲဝင်လာကြ၏။ အေးခန့်က ဟေမာန်ပခုံးလေးကိုဖက်ကာ အိမ်ထဲသို့ဝင်လာစဉ်. . .

"ဟင်"

ဦးဘစီသည် အေးခန့်တို့စုံတွဲကို ကြည့်ကာ ကြက်သေသေသွားလေသည်။ ဟေမာန်လည်း သူ့အဖေကိုမြင်တော့ ပါးစပ်အဟောင်းကြီးနှင့် ငေးကြည့်နေမိ၏။ အေးခန့်ကတော့ ဦးဘစီကိုမသိ၍ ဘယ်သူလဲဆိုတဲ့အကြည့်နဲ့ ကြည့်၏။

ခဏနေတော့မှ အေးခန့်က. . .

"ဩော်. . . ဧည့်သည်ရောက်နေတာကိုး၊ ဦးလေးက အောင်ကြီးနဲ့တွေ့ဖို့ လာတာထင်တယ်၊ ဒါနဲ့အောင်ကြီးရော"

ဦးဘစီက အေးခန့်ကို မျက်ထောင့်နီကြီးနှင့် ကြည့်လိုက်၍. . .

"မင်းကဘယ်သူလဲ"

"ဗျာ. . . ကျွန်တော်လား၊ ကျွန်တော်က ဒီခြံပိုင်ရှင် အောင်ကြီးရဲ့ သူငယ်ချင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

ဦးဘစိ အော်သံကြောင့် အေးခန့်ရော ကောင်မလေး နှစ်ယောက်ပါ အနောက်ဘက်သို့ ယိုင်ထွက်သွားလေသည်။

ဦးဘစိက. . .

"မင်း. . . မင်း ဘယ်လိုပြောလိုက်တယ်၊ ဒါနဲ့ သူနဲ့မင်းနဲ့ က ဘာလဲ"

ဦးဘစိက ဟေမာန့်ကို လက်ညှိုးထိုးကာမေးလိုက်သည်။ ဟေမာန် လှမ်းတားချိန်တောင်မရလိုက်။ အေးခန့်က. . .

"သူက ကျွန်တော့်ရည်းစားပါ၊ ဘာဖြစ်လို့လဲဟင်"

"ဘာ. . . ဘယ်လို"

ထိုအချိန်တွင် အောင်ကြီးတို့လင်မယား ရောက်လာသည်။ ဦးဘစိနှင့် အေးခန့်တို့ကိုကြည့်၍ အခြေအနေမကောင်း တော့ဘူးဆိုတာ လေ့လာမိလိုက်၍. . .

"ဟေ့ကောင်တွေ. . . လာ. . . လာ အမြန်ထွက်၊ ထွက်တော့"

စံပယ်နဲ့ဟေမာန်က အိမ်ပြင်သို့ အမြန်ပြေးထွက်သည်။ အေးဘုံကလည်း အခြေအနေကို ရိပ်မိလိုက်၍ အိမ်ပြင်သို့ အမြန် လိုက်ထွက်၏။ အေးခန့်တစ်ယောက်သာ အူကြောင်ကြောင်နှင့် ကျန်ခဲ့၍ အောင်ကြီးက ဂုတ်ကဆောင့်ဆွဲလိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်. . . လာ. . . လာ မင်းရိုးတော်လင်တာ မင်းကိုသတ်တော့မယ် ပြေးရအောင်"

"ဘယ်သူလဲ"

"ဘယ်သူလဲ လုပ်မနေနဲ့၊ အမြန်ထွက်"

အေးခန့်က အောင်ကြီးဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်နဲ့ ပါသွား၏။ အိမ်အပြင်ရောက်တော့ အောင်ကြီးက တံခါးမကြီးကို ဆွဲပိတ်လိုက်ကာ အပြင်မှ ချက်ထိုးလိုက်၍. . .

"ခွင့်လွှတ်ပါဆရာ. . . ကျွန်တော်တို့ပြေးပြီ"

"ဟေ့ကောင် တံခါးဖွင့်စမ်း"

"ဒိုး. . . ဒိုး"

"ဟေ့ကောင်. . . ခွေးမသား၊ သူတောင်းစား၊ တံခါးဖွင့်စမ်း၊ မဖွင့်ရင် မင်းသေဖို့သာပြင်"

အောင်ကြီးက အေးဘုံကိုဆွဲကာ ခြံပြင်ကိုထွက်သည်။ ပေမာန်က အေးခန့်လက်ကိုဆွဲ၍ အောင်ကြီးတို့နောက်လိုက်၏။ ခြံပြင်ရောက်တော့ အခန့်သင့်ပင် ကိုအေးမြင့်ကားကိုတွေ့၍ အကျိုးအကြောင်းပြောကာ အလျင်အမြန်တက်လိုက်ပါတော့သည်။

ကားပေါ်ရောက်တော့ ဘာမှန်းညာမှန်းမသိဘဲ အူကြောင်ကြောင်နှင့်ပါလာသော အေးခန့်က. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ဘာတွေလဲကွာ၊ အဲဒီအဘိုးကြီးက ဘယ်သူလဲ"

အောင်ကြီးက ဟေမာန့်ကိုကြည့်လိုက်သည်။ ဟေမာန်က အေးခန့်ကိုကြည့်၍ . . .

"အဲဒါ ဟေမာန်တို့ဖေဖေ"

"ဘယ်လို. . . အဲဒါ ဟေမာန်တို့ဖေဖေ ဟုတ်လား"

ဟေမာန်က ခေါင်းညိတ်ပြလိုက်၏။

"ဒါနဲ့ ဟေမာန်ကတော့ ထားပါတော့၊ အောင်ကြီး မင်းက ဘာလို့ ဒီလောက်ကြောက်သွားရတာလဲ"

BURMESE CLASSIC

အောင်ကြီးက ခေါင်းကိုကုတ်ကာ မျက်နှာငယ်လေးနှင့်

"ကြောက်တာပေါ့ကွ၊ သူက ဒီခြံပိုင်ရှင်ပဲဟာကို"

"ဘာ"

"ဟုတ်တယ် သူငယ်ချင်း၊ ငါ့ကိုယ်ငါ ဒီခြံပိုင်ရှင်ဆိုပြီး မင်းကိုလိမ်ထားတာကွ၊ တကယ်တော့ ဒီခြံပိုင်ရှင်အစစ်က ခုန ငါတို့အိမ်ထဲမှာ တံခါးပိတ်ပြီးထားခဲ့တဲ့ အဘိုးကြီးပဲ"

"ဟေ"

ထို့နောက် အေးခန့်က ဟေမာန့်ဘက် လှည့်ကြည့်လိုက်သည်။ ဟေမာန်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြ၍ အေးခန့်ကို အကြောင်းစုံ ရှင်းလင်းပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟေမာန့်စကားဆုံးတော့ အေးခန့်က. . .

"ဒါ. . . ဒါ. . . ဒါဆို ငါတို့ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုမှမလုပ်နဲ့တော့ သူငယ်ချင်း၊ မင်းတို့နှစ်ယောက် တရားရုံးသာသွားပြီး လက်မှတ်ထိုးလိုက်တော့၊ ဒါပဲရှိတော့တယ်"

ထိုအဆိုကို အေးဘုံကလည်း ထောက်ခံသည်၊ စံပယ်ကလည်း၊ အားပေး၏၊ ဟေမာန်ကတော့ ခေါင်းကလေးငုံ့ကာ ရှက်နေလေတော့သည်။ အေးခန့်က ဟေမာန့်လက်ဝါးလေးကို ဖိကိုင်လိုက်၍. . .

"ဘယ်လိုလဲဟေမာန် သူတို့ပြောတဲ့အတိုင်းပဲလား"

"ဟာ. . . မသိဘူး သွား"

"ဟေး"

တစ်ကားလုံး ပျော်ရွှင်စွာ အော်လိုက်ပါတော့၏၊ ခဏနေတော့ အောင်ကြီးက. . .

"မင်းက ဟေမာန်နဲ့ ယူပြီးသွားလို့ ဒီခြံပိုင်ရှင်ဖြစ်သွားရင် ငါ့ကို ဒီခြံမှာပဲ ခြံစောင့်ပြန်ခန့်ပါကွာနော်"

အောင်ကြီးစကားကြောင့် အားလုံးပြုံးလိုက်ကြလေသည်။ အေးခန့်ကလည်း ပြုံးပြုံးကြီးလုပ်လိုက်၍. . .

"စိတ်ချပါကွာ ငါတို့နှစ်ယောက်အတွက် မင်းက ဖူးစာရေး နတ်ပဲ ပြန်ခန့်မှာပေါ့၊ ဒါပေမဲ့ မင်းငါ့ကို လေးလေးစားစားတော့

www.burmeseclassic.com

[redacted]

www.burmeseclassic.com



ဆက်ဆံရမယ်နော်"

အောင်ကြီးက မျက်နှာတစ်ချက်မဲ့သွား၏။ ထို့နောက် အောင့်သက်သက်လေသံနှင့်. . .

"ရပါတယ်ကွာ၊ ရပါတယ်"

ဟု ပြောလိုက်လေတော့သည်။ ထိုအချိန်တွင် ကားဆရာကိုအေးမြင့်အသံထွက်လာလာ၏။

"ကဲ. . . ကိုယ့်ဆရာတို့ ဘယ်ကိုအရင်မောင်းရမလဲ"

"တရားရုံး"

BURMESE CLASSIC

အားလုံး သံပြိုင်ထွက်သွားကြ၏။ ထိုသို့ပြောပြီးချိန်တွင်

"အမလေး လုပ်ပါဦး အောင်ကြီးရဲ့၊ ဗိုက်ထဲကနာလာပြီ ဗိုက်ထဲကနာလာပြီ"

အေးဘုံအသံက စီခနဲထွက်လာလေသည်။ ခဏချင်းပင် အေးဘုံမျက်နှာတွင် ချွေးသီးချွေးပေါက်တွေ ကျလာကာ တစ်ကိုယ်လုံး လှုးလှိမ့်တက်လာ၏။

"ဟ. . . လုပ်ကြပါဦး ငါ့မိန်းမ ဗိုက်နာလာလို့တဲ့၊ ကဲ တားဆရာ ဆေးရုံသာအရင်မောင်း"

"ဟာ. . . ဘယ်ဖြစ်မလဲကွ၊ ငါတို့ကို တရားရုံးအရင်ချပေး"

"မင်းဟာက အရေးမကြီးဘူး၊ ငါ့မိန်းမက အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ ဆေးရုံအရင်မောင်း"

"မရဘူးကွာ. . . တရားရုံးကိုမောင်း"

"ဆေးရုံအရင်မောင်း"

"တရားရုံးကိုမောင်း"

"ဆေးရုံအရင်မောင်း"

"တရားရုံးကိုမောင်း"

ဤသို့ဖြင့်. . . ဤသို့ဖြင့်. . .။

(PS. ခင်ဗျားတို့သာ ကားဆရာနေရာဆို ဘယ်နေရာ အရင် မောင်းမလဲဗျာ)

BURMESE CLASSIC

ကြိုးစားလျက်

မိုးသက်လင်းထက်

[redacted]

www.burmeseclassic.com